# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၁)၊ အမှတ် (၀၉၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကျင်းပ

### နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် အများထက်ထူးကဲသာလွန်စွာ ထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ကောင်းမွန်သည့်အစဉ်အလာကောင်းတစ်ရပ်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသန်းကျော်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိသူများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ အမှတ်(၂၀၇)ခြေမြန်တပ်ရင်းမှ ဒုတိယတပ်ကြပ် သက်ရှည် ကိုယ်စား ၎င်း၏ဇနီးအား ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

## ယနေ့ ဖ တ် စ ရာ


**ကသာမြို့နယ် ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် မြီးညှောင့်ငှက်တွေ့ရှိရမှုများလာ**



ပြည်တွင်းသတင်း | စာမျက်နှာ - ၂၃

**နိုင်ငံခြားခရီးသွားများ ဝင်ရောက်ခြင်းကို အစ္စရေးနိုင်ငံက ပြန်လည်ခွင့်ပြုသွားမည်**




နိုင်ငံတကာသတင်း | စာမျက်နှာ - ၂၄

# ၂၀၂၂ နှစ်သစ်ကို ဖြတ်သန်းသည့်အခါ

ပြီးခဲ့သောရက်များအတွင်း နိုင်ငံတကာနှစ်သစ်ကူးနေ့၊ ကရင်အမျိုးသားနှစ်သစ်ကူးနေ့၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့များနှင့်အတူ နှစ်ဦးချိန်ခါသမယကို ကောင်းသော မျှော်လင့်ချက်များဖြင့် ကြိုဆိုခဲ့ကြသည်။ နှစ်ဟောင်းတစ်ခုကုန်ဆုံး၍ နှစ်သစ်ဆီသို့ ဝင်ရောက်ချိန်တွင် မိမိတို့ဖြတ်သန်းကြရမည့် နှစ်သစ်တစ်လျှောက် အနှောင့်အယှက်၊ အခက်အခဲများ၊ ပင်ပန်းဆင်းရဲမှု၊ ကြမ်းတမ်းခက်ထန်မှုများကို မည်သူမျှမကြုံတွေ့လို။ ငြိမ်းအေးချမ်းသာမှု၊ သာယာဝပြောမှု၊ ချောမွေ့ဖြောင့်တန်းမှုတို့ကိုသာ လူတိုင်းကိုယ်စီ အလိုရှိကြသည်သာ ဖြစ်သည်။

မိမိတို့နိုင်ငံအနေဖြင့် ယခု ၂၀၂၂ ခုနှစ်အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ကုစားခြင်း၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါ သဘောတူညီချက်များအတိုင်း ဆောင်ရွက်ခြင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခြင်းတို့ကို ဆက်လက်အကောင်အထည်ဖော်နေမည်ဖြစ်သကဲ့သို့ ထွက်ပေါ်လာဖွယ်ရှိသည့် စိန်ခေါ်မှုများနှင့် အခြားသောအနှောင့်အယှက်၊ အခက်အခဲများကိုလည်း ကြိုတင်မျှော်တွေးထားကြရမှာဖြစ်သည်။

၂၀၁၉ ခုနှစ်ကုန်ပိုင်းမှ စတင်ထွက်ပေါ်လာသည့် ကိုဗစ်-၁၉ ကပ်ရောဂါသည် တတိယမြောက်နှစ်သို့ ဝင်ရောက်လာပြီဖြစ်သည့်တိုင်အောင် မျိုးဗီဇကွဲများ ထပ်မံထွက်ပေါ်လာခြင်းနှင့်အတူ လူသားကမ္ဘာမှ ဆုတ်ခွာသွားခြင်းမရှိသေးဘဲ အရှိန်အဟုန်ကောင်းနေဆဲဖြစ်သည်။ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခံစားရမှုများတွင် စီးပွားရေးနှင့် ပညာရေးကဏ္ဍတို့တွင် ဆုံးရှုံးမှုကြီးမားကြသည်။ အထူးသဖြင့် စီးပွားရေးအပိုင်းတွင် သိသိသာသာထိခိုက်မှုဖြစ်ပေါ်ခြင်းနှင့်အတူ ဝင်ငွေနည်း အောက်ခြေလူတန်းစားထုအပေါ်တွင် သက်ရောက်မှုကြီးမားသည့်အလျောက် ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးရန်လိုအပ်သည်။ ဝင်ငွေရလမ်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ စားနပ်ရိက္ခာထောက်ပံ့ကူညီပေးခြင်းတို့ကဲ့သို့သော ရေတိုအစီအစဉ်များဖြင့် အောက်ခြေလူတန်းစားများ ရပ်တည်နိုင်ရေးအတွက် ဖန်တီးပေးရန်လိုအပ်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ် နှစ်သစ်တွင် ရပ်ရွာများ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးတို့သည်လည်း ပြည်သူလူထုအများစုကြီး၏ မျှော်လင့်ချက်ပင်ဖြစ်သည်။ ကျီးလန့်စာစား၊ နောက်ကျောမလုံ၊ ဘယ်သူကမှားသတ်သွားမှာလဲဟူသော စိုးရိမ်ထိတ်လန့်မှုမျိုး၊ အိုးပစ်အိမ်ပစ်၊ စည်းစိမ်ဥစ္စာတို့ကို ထားရစ်ပြီး သေနတ်သံ၊ ဗုံးသံ၊ ယမ်းငွေ့ကျည်ဆန်တို့နှင့် လွတ်ရာသို့ ထွက်ပြေးကြရသည့် ကိုယ်စိတ်နှစ်ပါး ဒုက္ခမျိုးတို့ကို မည်သူမျှမကြုံတွေ့မခံစားလို။ တိုင်းရင်းသားလူငယ်ကလေးများ ရင်နှင့်အမျှခံစားသီဆိုခဲ့ကြသည့် မငြိမ်းချမ်းလို့မဖြစ်ဘူးဟူသော သီချင်းသံကလေးမှာ ပစ်ခတ်တိုက်ခိုက်သံများ အောက်တွင် ပျောက်ကွယ်နေခဲ့ပြီ။

မြန်မာနိုင်ငံတွင် ရောဂန္တရကပ်နှင့် သတ္တန္တရကပ်တို့ ကျရောက်နေသည်ဟုဆိုလျှင် ဒေါသသင့်သည့် စကားဟုဆိုနိုင်သော်လည်း စဉ်းစားဖွယ်အချို့ ရှိနေသည်။ ကိုဗစ်-၁၉ကပ်ရောဂါ နေ့စဉ်ကူးစက်မှုနှုန်းမှာ ၁ရာခိုင်နှုန်းဝန်းကျင်သို့ ကျဆင်းနေပြီဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများသို့ရောက်နေပြီး မိမိတို့နိုင်ငံတွင်လည်း တွေ့ခဲ့ရသည့် အိုမီခရွန်မျိုးကွဲကြောင့် ဆက်လက်၍ သတိပြုနေထိုင်ကြရဦးမည်ဖြစ်သည်။ နိုင်ငံရေးအပြောင်းအလဲကို အကြောင်းပြုဖြစ်ပေါ်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုများကလည်း အများပြည်သူနှင့် ဆက်စပ်သည့်နေရာများတွင် ဖြစ်ပွားနေဆဲဖြစ်ရာ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် တစ်တပ်တစ်အားပူးပေါင်းပါဝင်ကြရန် လိုအပ်သည်။ ပြည်သူ့အားသည် နိုင်ငံ့အားဖြစ်သည့်အလျောက် ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ကပ်ကြီးများဟူသမျှ ကျော်လွှားနိုင်ကြပါစေကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ ရိုမန်ဂိုလော့ဗ်ချန်ကို ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဘယ်လာရုစ် သမ္မတနိုင်ငံအစိုးရကိုယ်စား မိမိအနေဖြင့် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံပြည်သူများအကြား ထိတွေ့ဆက်ဆံမှုများ ပိုမိုထွန်းကားလာစေရန်နှင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍတွင် အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းလာစေရန် မိမိအနေဖြင့် ဆန္ဒရှိပါကြောင်း အခွင့်အခါကြုံခိုက် အတည်ပြုပြောကြားလိုပါသည်။

မြန်မာနှင့် ဘယ်လာရုစ်နိုင်ငံအကြား အပြုသဘောဆောင်သော ဆက်ဆံရေးများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အလားအလာကောင်းများရှိနေရာ မိမိအနေဖြင့် အဆိုပါလုပ်ငန်းစဉ်အတွက် လိုအပ်သည့် အားပေးပံ့ပိုးမှုများကို ပေးအပ်သွားရန် အသင့်ရှိပါသည်။

အဆွေတော် ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများရရှိပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်းနှင့် အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုနိုင် ကို ယင်းအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

နေပြည်တော် ဇန်နဝါရီ ၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၄**

ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းကို စစ်တွေမြို့ ဝေသာလီအားကစားကွင်း၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ရေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဂုဏ်ပြုတပ်ဖွဲ့က လွှင့်တင်ပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တိုင်းရင်းသား ကိုယ်စားလှယ်များက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စစ်ကြောင်းနှင့် တပ်မတော်စစ်ကြောင်းတို့က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းအား အလေးပြုကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်သူများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်း ဆောင်ရွက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအား ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြားသည်။ **(ဝဲပုံ)**




ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများက လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကလေးငယ်များနှင့် ကျောင်းသား ကျောင်းသူများကို ဆုများပေးအပ် ချီးမြှင့်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သရေစည်သူဘွဲ့ရရှိသူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိကြသူများ ကိုယ်စား ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး အား ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

*✻ ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကပင် ကိုယ့်ထီး ကိုယ့်နန်းနှင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သွေးစည်းညီညွတ်စွာ စုပေါင်းနေထိုင်ကြသည့် သမိုင်းကြောင်း အစဉ်အလာကောင်းများရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ယနေ့သည် မိမိတို့ မြန်မာနိုင်ငံအတွက် မမေ့အပ်သည့် လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်ဖြစ်ပြီး လွတ်လပ်ရေးရရှိခဲ့သည်မှာ ယနေ့ဆိုပါက (၇၄)နှစ် ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါကြောင်း။

**စွမ်းစွမ်းတမံဖြင့် ထူးကဲစွာဆောင်ရွက်**

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် စွမ်းစွမ်းတမံဖြင့် ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ ကဏ္ဍအသီးသီးတွင် ထူးခြားထက်မြက်စွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုး ပြည်ကျိုးများကို အများနှင့်မတူအောင် ထူးခြားစွာစွမ်းဆောင်နိုင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသော ပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာတီထွင်ဖန်တီး စွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းထမ်းဆောင်ကြသည့် ပုဂ္ဂိုလ်များကို ယခုကဲ့သို့ ထူးခြားလေးနက်သည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ထူးဆောင်ဘွဲ့များကို ဂုဏ်ပြုချီးမြှင့်အပ်နှင်းသွားမည် ဖြစ်ကြောင်း။

**ညီညီညွတ်ညွတ် ကြိုးပမ်းခဲ့ကြ**

ယခုကဲ့သို့ နေ့ထူးနေ့မြတ်တွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များပေးအပ်ချီးမြှင့်သည့် အစဉ်အလာကောင်းများရှိခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးဆိုသည်မှာ တစ်ခဏတာအတွင်းဆုံးရှုံးနိုင်သော်လည်း ပြန်လည်ရရှိနိုင်ရေးအတွက်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ ရရှိကြသူ ၁၇ဦး ကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း အား ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိကြသူ နှစ်ဦးကိုယ်စား ဦးမောင်ကို အား ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၃ မှ*

နှစ်ပေါင်း(၁၀၀)ကျော် မိမိတို့ ဘိုးဘွားမိဘများ၏ အသက်၊ သွေး၊ ချွေး မြောက်မြားစွာစတေးပြီး အလွန်တရာ ခက်ခဲပင်ပန်းစွာ ကြိုးစားအားထုတ်ခဲ့ရခြင်းဖြစ်ကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် တိုင်းရင်းသားအားလုံး ဖွဲ၊ လုံ့လ၊ သတ္တိအပြည့်နှင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းခဲ့ကြသဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း။

**သွေးစည်းညီညွတ်စွာအကောင်အထည်ဖော်**

ထိုသို့ရယူခဲ့သည့်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် ပြည်ထောင်စု မြန်မာနိုင်ငံသားအားလုံး၏ နှလုံးသည်းပွတ်ပမာဖြစ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီးများနှင့် ဘိုးဘေးဘီဘင်များ စွန့်လွှတ်စွန့်စား အားထုတ်ကြိုးပမ်းရယူခဲ့သည့် မြန်မာ့လွတ်လပ်ရေး အစဉ်ထာဝရတည်တံ့စေရန်အတွက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များကို အလေးအနက်ခံယူပြီး တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် သွေးစည်းညီညွတ်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုအပ်မည်ဖြစ်သကဲ့သို့ လွတ်လပ်သည့် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရမည့် တာဝန်သည်လည်း မိမိတို့မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်သည်ဟု တိုက်တွန်းပြောကြားလိုကြောင်း။

တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်စေရန်အတွက် ဘက်စုံ၊ ထောင့်စုံက တည်ဆောက်သည့်နေရာတွင် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး တာဝန်များကို နိုင်ငံတော်အစိုးရက ဦးစီးဦးဆောင်တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သော်လည်း တိုင်းရင်းသားပြည်သူအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ရေးသည် အဓိကကျပါကြောင်း၊ ထိုသို့နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အမျိုးသားရေး စိတ်ဓာတ်ဖြင့် အများထက်ထူးကဲသာလွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည်ဟု ပြောကြားလိုပါကြောင်း။

**❊ မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်တမ်းတင် ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသကဲ့သို့ ဆက်လက်ပြီး နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ သာယာဝပြောရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ သားစဉ်မြေးဆက်များကိုပါ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများ ပြကြပါရန် တိုက်တွန်း**

**ဖြည့်စွက်ပြဋ္ဌာန်းချက်များနှင့်အညီစိစစ်**

နိုင်ငံတော်အတွက် မိမိအသက်ခန္ဓာကိုယ်ကို ပဓာနမထားဘဲ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ စံတင်ထိုက်သည့် စွမ်းရည်၊ ဂုဏ်ယူထိုက်သည့် စွန့်စားခြင်းမျိုးဖြင့် ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့သည့် ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သူများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန်အတွက် စိစစ်ရေးအဖွဲ့က ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် ၂၀၁၄ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီး ထောက်ခံတင်ပြချက်များအရ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်း အခမ်းအနား ကျင်းပပြုလုပ်ပြီး ချီးမြှင့်ရခြင်းဖြစ်ပါကြောင်း။

ယခုနှစ်တွင် ၂၀၂၁ ခုနှစ်က ချီးမြှင့်ခဲ့သည့် သရေစည်သူဘွဲ့ ရရှိသူ တစ်ဦး၊ စည်သူဘွဲ့ရရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ တစ်ဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၁၇ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ နှစ်ဦး စုစုပေါင်း ၃၁ ဦးတို့ကို ဂုဏ်ယူစွာဖြင့် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း။

**ဆွေစဉ်မျိုးဆက်ဂုဏ်ယူစရာ**

ယခုရရှိခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များသည် မိမိတို့၏စိတ်နှလုံးနှင့်ဆိုင်သည့် စွမ်းရည်သတ္တိဟု ခေါ်ဆိုရမည့် နှလုံးရည်၊ တိုက်ခိုက်နိုင်သည့် ကာယစွမ်းရည်ဟု သတ်မှတ်ရမည့် လက်ရုံးရည်တို့ဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှုပ်ရှုပ်ချုံချုံ သယ်ပိုးထမ်းဆောင်နိုင်ခဲ့သည့် အောင်မြင်မှုများအတွက် ဂုဏ်ယူရမည့် မှတ်တမ်းပင်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့်မိမိတို့ဖြတ်သန်းခဲ့ရသည့် ခက်ခဲကြမ်းတမ်းသည့် ဘဝကိုအောင်မြင်စွာကျော်လွှားနိုင်ခဲ့ကြသည့် မိမိတို့၏စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံရသည့် သင်္ကေတအမှတ်အသားတစ်ခု ဖြစ်သည့်အတွက် ယနေ့အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ခြင်း မပြုနိုင်တော့သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း သားစဉ်မြေးဆက်၊ ဆွေစဉ်မျိုးဆက် ဂုဏ်ယူစရာဖြစ်ပါကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူများကိုယ်စား လေးစားဂုဏ်ယူပါကြောင်းလည်း အလေးအနက်ပြောကြားလိုပါကြောင်း။

**ဆွေစဉ်မျိုးဆက်ဂုဏ်ယူစရာဖြစ်**

ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းပင်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်တမ်းတင် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသကဲ့သို့ ဆက်လက်ပြီး နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ သာယာဝပြောရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ သားစဉ်မြေးဆက်များကိုပါ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများ ပြကြပါရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က ၂၀၂၁ ခုနှစ်အတွက် ချီးမြှင့်အပ်နှင်းခဲ့သော ပြည်ထောင်စုစည်သူ သင်္ဂဟဘွဲ့များဖြစ်သည့် သရေစည်သူဘွဲ့ရရှိသူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ *စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သူရဘွဲ့ရရှိသူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

ဒုတိယဥက္ကဋ္ဌ၊ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းကိုလည်းကောင်း၊ စည်သူဘွဲ့ရရှိကြသူများကိုယ်စား ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးကိုလည်းကောင်း၊ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် သူရဘွဲ့ရရှိသူ အမှတ် (၂၀၇)ခြေမြန်တပ်ရင်းမှ ဒုတိယတပ်ကြပ် သက်ရှည်ကိုယ်စား ၎င်း၏ဇနီးကို လည်းကောင်း၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်သည့် ဇေယျကျော်ထင်ဘွဲ့ရရှိကြသူ ၁၇ ဦးကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း ကိုလည်းကောင်း၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိကြသူ နှစ်ဦးကိုယ်စား ဦးမောင်ကိုကိုလည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့်အတူ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်ကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ ဒုတိယတပ်ကြပ် သက်ရှည်၏ ဇနီးကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူမင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြု

**နေပြည်တော် ဇန်နဝါရီ ၄**

တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ ဗိမာန်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တက်ရောက် မိန့်ခွန်းပြောကြားပြီး ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များကို ချီးမြှင့်အပ်နှင်းပေးသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သရေစည်သူ စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေး ဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ တပ်မတော် စွမ်းရည် သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်နှင့် လက်မှတ်လက်ခံရယူကြမည့် အရာရှိ၊ စစ်သည်များနှင့် အမွေခံများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သီပွဲပညာထူးချွန်တံဆိပ်(ပထမအဆင့်)ရရှိသူတစ်ဦးအား ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူတစ်ဦးအား ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

**ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်သည် နိုင်ငံသားတိုင်း၏ သမိုင်းပေးတာဝန်ပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ သမိုင်းပေးတာဝန်များကို ရဲစွမ်းပြောင်မြောက်သည့် သူရသတ္တိများနှင့် မိမိတို့၏ အသက်ခန္ဓာကို စတေးခံပြီး တိုင်းပြည်ကို အလုပ်အကျွေးပြုခဲ့ကြသည့် နိုင်ငံသားကောင်းများကို ယခုကဲ့သို့ လွတ်လပ်ရေးနေ့ အခါသမယရောက်တိုင်း ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်လျက်ရှိခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဖြစ်သကဲ့သို့ မျိုးဆက်သစ်လူငယ်များ၊ မျိုးဆက်သစ် တပ်မတော်သားများအနေဖြင့်လည်း အားကျအတုယူစေရန်ပင် ဖြစ်ကြောင်း။

**မော်ကွန်းထိုးထားဆဲဖြစ်**

တိုင်းပြည်တစ်ခုအတွက် ကိုယ်ပိုင်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆိုသည်မှာ အလွန်အရေးကြီးသည့်အရာများပင်ဖြစ်ကြောင်း၊ တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရင်း အသက်ပေးခဲ့ကြသူများအတွင်း၌ မျိုးချစ်တိုင်းရင်းသားပြည်သူများသာမက ရဟန်းသံဃာများအထိ ပါဝင်ခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ *စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော်လည်း ၎င်းတို့၏ အမည်များသည် **“အာဇာနည်မျိုး သေရိုးမရှိ”** ဟူသည့်အတိုင်း ယနေ့တိုင် မြန်မာ့သမိုင်းမှတ်တမ်းတွင် မော်ကွန်းထိုးထားဆဲဖြစ်ကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်ခဲ့သည့် ခေတ်သစ်မြန်မာ့တပ်မတော်သည် **“ရဲသော်မသေ သေသော်ငရဲမလား”** ခံယူချက်နှင့်အညီ အာဇာနည်ထုံးနှလုံးမူပြီး သူရဲကောင်းမြောက်မြားစွာကို မွေးထုတ်ပေးခဲ့ကြောင်း၊ ထိုကဲ့သို့ မျိုးချစ်သူရဲကောင်းများ၏ အမည်နာမများသည် မည်သည့်အခါမျှ တိမ်မြုပ်ပျောက်ကွယ်သွားမည်မဟုတ်ဘဲ ခေတ်အဆက်ဆက် အမိမြန်မာနိုင်ငံတော်ဆိုသည့် ပန်းဥယျာဉ်ကြီးအတွင်း၌ ထာဝရသင်းပျံ့နေမည်ပင်ဖြစ်ကြောင်း။

### နိုင်ငံတော်ကိုလုံခြုံအောင် ကာကွယ်

အမိနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ကောင်းမွန်စွာ လုပ်ကိုင်စားသောက်လိုသူများပင်ဖြစ်ကြကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကိုလုံခြုံအောင် ကာကွယ်ပြီး ပြည်သူများ စိတ်အေးချမ်းသာစွာနေနိုင်ရေး စောင့်ရှောက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အခြေခံမူများချမှတ်ပြီး ဆောင်ရွက်နေခြင်းသည် အမျိုးသားနိုင်ငံရေးတာဝန်များကို ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးမှ ဖြစ်ပေါ်လာခဲ့သည့် နိုင်ငံရေးရောက်ရှိနိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်အတွင်း၌ ချမှတ်ထားသည့် **“တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်”** ဟူသည့်အချက်သည် တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးနှင့် ပတ်သက်လာပါက ငြိမ်းချမ်းရေးကို မည်မျှအလေးထားသည်ကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း။

### မှတ်တမ်းတင်ဂုဏ်ပြု

အများသူငါ လုပ်ဆောင်နိုင်ရန် ခဲယဉ်းသည့် တာဝန်များကို စွန့်လွှတ်စွန့်စားမှု အပြည့်ဖြင့် ကျေကျေပွန်ပွန် ထမ်းဆောင်ခဲ့သူများအတွက် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို မင်္ဂလာတရားတော်နှင့်အညီ နှစ်စဉ်နှစ်တိုင်း လွတ်လပ်ရေးနေ့အခါသမယတွင် ကျင်းပပြုလုပ်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက် အခက်အခဲကို အမှုမထားဘဲ အသက်စွန့်လွှတ်မှု၊ ကြံ့ခိုင်သည့်စိတ်ဓာတ်၊ ပြောင်မြောက်သည့် သူရသတ္တိများဖြင့် ရဲရဲဝံ့ဝံ့ တိုက်ပွဲဝင်ဆောင်ရွက်မှု၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်၊ ခိုင်မာသည့် သန္နိဋ္ဌာန်စိတ်ဓာတ်များဖြင့် တာဝန်ထမ်းဆောင်မှုတို့အတွက် အထူးပင်ဂုဏ်ယူမိသကဲ့သို့ ဆုတံဆိပ်များ ချီးမြှင့်ခြင်းမခံရသော်လည်း တက်ညီလက်ညီ စွမ်းဆောင်ခဲ့ကြသူများအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းဖြင့် ပြောကြားလိုကြောင်း။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူတစ်ဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူတစ်ဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူတစ်ဦးအား ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

မသမာမှုဖြစ်သော မဲမသမာမှု ဖြစ်စဉ်များကြောင့် တပ်မတော်က (၂၀၀၈ ခုနှစ်)ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ခေတ္တထိန်းသိမ်းပေးခဲ့ရသည်မှာ ယခုဆိုပါက ၁ နှစ်သက်တမ်းပြည့်မြောက်တော့မည်ပင်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ပြီး နိုင်ငံတော်ကို လမ်းကြောင်းမှန်ပေါ် ပြန်လည်

### တစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ပြုလုပ်ခဲ့သည့် အခမ်းအနား၌ သရေစည်သူဘွဲ့ရရှိသူ ၁ ဦး၊ စည်သူဘွဲ့ရရှိသူ ၁၀ ဦး၊ သူရဘွဲ့ရရှိသူ ၁ ဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ ၁၇ ဦးတို့ကို ချီးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၆ ဦး၊ သိပ္ပံပညာထူးချွန်တံဆိပ် (ပထမဆင့်)ရရှိသူ ၈ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း လက်မှတ်ရရှိသူ ၂ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၂ ဦး၊ စုစုပေါင်း ၁၈ ဦးတို့ကို ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း လက်မှတ်ရရှိသူ ၄၀ ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၈၂ ဦး တို့ကိုလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား သက်ဆိုင်ရာ တိုင်းမှူးများက တစ်ချိန်တည်း တစ်ပြိုင်တည်း ချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ကြောင်း။

မျိုးဆက်သစ်များအနေဖြင့် ရှင်မဟာရဋ္ဌသာရ၏ ဂမ္ဘီသာရပျို့လာ **“ရဲရေး ရောက်သော်၊ ရွံ့ကြောက်မဲ့တွန်၊ နိုင်ငံ့ဝန်၌၊ ကူမှာန်ယက္ခ၊ နာဂ ခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း၊ ခွာ၍မတွန့်၊ အသက်စွန့်လေ့”** ဟူသည့်စိတ်များဖြင့် *စာမျက်နှာ ၈ သို့*



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူတစ်ဦးအား ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူတစ်ဦးအား ဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၇ မှ*

အသက်ခန္ဓာနှင့်အပ်ကာ ရည်မှန်းချက်တာဝန်များကို မတွန့်မဆုတ် ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြသည့် ရဲဘော်ရဲဘက်များ၏ ယုံကြည်ချက် ခံယူချက်ကောင်းများကို အားကျအတုယူကာ နိုင်ငံတော်က အားကိုးရပြီး ပြည်သူလူထုက လေးစားအားထားရသည့် မျိုးချစ်တပ်မတော်သားကောင်းဇာနည်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

**အသီးသီးပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ဗိုလ်မှူး ၁ ဦး၊ ဗိုလ်ကြီး ၁ ဦး၊ တပ်ကြပ်ကြီး ၂ ဦး၊ ဒုတိယတပ်ကြပ် ၂ ဦး တို့ကိုလည်းကောင်း၊ သိပ္ပံပညာထူးချွန်တံဆိပ်(ပထမအဆင့်) ရရှိသူ ဒုတိယဗိုလ်မှူးကြီး ၆ ဦး၊ ဗိုလ်မှူး ၂ ဦးတို့ကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ဒုတိယဗိုလ်မှူးကြီး ၁ ဦး၊ ဗိုလ်မှူး ၁ ဦးတို့ကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ဗိုလ်မှူးကြီး ၁ ဦး၊ ဗိုလ်ကြီး ၁ ဦးတို့ကိုလည်းကောင်း ဆုတံဆိပ်နှင့် လက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်နှင့်လက်မှတ်များ ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခံရသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်း၊ အက၊ အလှများဖြင့် ဖျော်ဖြေကြသည်။ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော်စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်ခံရသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တပ်မတော်တွင် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်ရရှိသူများအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ အောင်ဆန်းသူရိယဘွဲ့ ရရှိသူ ၆ ဦး၊ သီဟသူရဘွဲ့ရရှိသူ ၅၀ ဦး၊ သူရဘွဲ့ရရှိသူ ၅၄၆ ဦး၊ သီဟဗလတံဆိပ်ရရှိသူ ၆ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်ရရှိသူ ၁၈၆၀ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ ၂၀၁၈ ဦး၊ စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၃၃၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ၂၉၈၇ ဦး၊ စစ်သေနာပတိချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ၉ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင် လက်မှတ်ရရှိသူ ၁၉၀၁ ဦး ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**"မျိုးဆက်သစ်များအနေဖြင့် ရှင်မဟာရဋ္ဌသာရ၏ ဂမ္ဘီသာရပျို့လာ "ရဲရေးရောက်သော်၊ ရွံ့ကြောက်မဲ့တွန့်၊ နိုင်ငံ့ဝန်ဉ၊ ကုမ္ဘာန်ယက္ခ၊ နာဂခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း၊ ခွာ၍မတွန့်၊ အသက်စွန့်လော့" ဟူသည့်စိတ်များဖြင့် အသက်ခန္ဓာနှင့်အပ်ကာ ရည်မှန်းချက်တာဝန်များကို မတွန့်မဆုတ် ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြသည့် ရဲဘော်ရဲဘက်များ၏ ယုံကြည်ချက် ခံယူချက်ကောင်းများကို အားကျအတုယူကာ နိုင်ငံတော်က အားကိုးရပြီး ပြည်သူလူထုက လေးစားအားထားရသည့် မျိုးချစ်တပ်မတော်သားကောင်းဇာနည်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်"**

# (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ညစာစားပွဲ အခမ်းအနား ကျင်းပရာ

*စာမျက်နှာ ၁၀ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

*စာမျက်နှာ ၉ မှ*

နေရာသို့ ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများက ကြိုဆိုနှုတ်ဆက်ကြပြီး ၎င်းတို့နှင့်အတူ ဥပစာမြက်ခင်းပြင်သို့ ရောက်ရှိကာ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသန်းကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိသူများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ၎င်းတို့၏ ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုကြစဉ်။

**ကြည့်ရှုအားပေး**

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ တေးသံသာများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်စဉ်။

❖ *ကျောဖုံးမှ*

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံပေါ်ထွန်းလာစေရေး။ (၃) နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။ (၄) ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေးဟူသည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ အနှစ်သာရ ပြည့်ဝစွာ ကျင်းပခြင်းဖြစ်သည်။

**အလံတင်အခမ်းအနားကျင်းပ**

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက တိုင်းရင်းသား တိုင်းရင်းသူများ ခြံရံ၍ နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် နံနက် ၆ နာရီတွင် ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသား တိုင်းရင်းသူများသည် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပမည့် မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံအလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အလေးပြုခံစင်မြင့်သို့ ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးချုပ်နှင့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြု၍ သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

**သဝဏ်လွှာဖတ်ကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**

# (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ဟားခါး၌ကျင်းပ

**ဟားခါး ဇန်နဝါရီ ၄**

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် ချင်းပြည်နယ် ဟားခါးရှိ အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပ သည်။





**အလေးပြု**

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အလံအား တိုင်ထိပ်သို့ လွှင့်တင်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွန်းလှိုင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဟားခါးတပ်နယ်မှ ဗိုလ်မှူးကြီး စောထွန်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

**သဝဏ်လွှာဖတ်ကြား**

ဆက်လက်၍ နံနက် ၇ နာရီတွင် လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားခြင်း အခမ်းအနားကို ကျန်းမာရေး ဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာအား ချင်းပြည်နယ် ဝန်ကြီးချုပ်က ဖတ်ကြားသည်။

**ခရိုင် (ပြန်/ဆက်)**

## ဖျာပုံ၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲကျင်းပ

**ဖျာပုံ ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်ခြင်းနှင့် သဝဏ်လွှာဖတ်ကြားပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် ဖျာပုံမြို့ လွတ်လပ်ရေးကျောက်တိုင်ကွင်း၌ ကျင်းပပြုလုပ်သည်။

အဆိုပါ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်ခြင်းကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဦးဆောင်၍ အလံတင်အခမ်းအနားကို ဆောင်ရွက်ကြပြီး နံနက် ၇ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော ၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းက ဖတ်ကြားသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။ အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်စည်းကမ်းချက်များနှင့်အညီ ကျင်းပပြုလုပ်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်သတင်းစကား လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ခရိုင်ပြန်/ဆက်)**

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုခြင်းအခမ်းအနား ရန်ကုန်မြို့၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

**၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ ကိုဗစ်-၁၉ ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။**

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ခွဲ အလံတင်တပ်စုမှူး ဗိုလ်ကြီးတင်နိုင်ထူး ဦးဆောင်သည့် အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးသည် နံနက် ၇ နာရီတွင် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပသည့်နေရာသို့ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးလှစိုးသည် ဂုဏ်ပြုတပ်ဖွဲ့၊ တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်အလံကို အလေးပြုကြပြီး ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ပေးပို့သော (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးလှစိုးက ဖတ်ကြားသည်။

နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်း - ကိုကိုဇော်**




**ဓာတ်ပုံ - လတ်လတ်(MNA)**

# မန္တလေးမြို့၌ (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား ကျင်းပ

**မန္တလေး ဇန်နဝါရီ ၄**

| ၇၇။ | ဒေါ်ဆိုင်းငယ် | စာရင်းကိုင်-၃ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၇၈။ | ဒေါ်ဗန်ရွှေဇွေ | အကြီးတန်းစာရေး | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၇၉။ | ဦးဝင်းနိုင်ဦး | လက်ထောက်ကြီးကြပ်ရေးမှူး (မြို့နယ်) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၈၀။ | ဦးခင်မောင်တင် | လက်ထောက်ကြီးကြပ်ရေးမှူး (မီတာ) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၈၁။ | ဦးသန့်ဇင်လှိုင် | လျှပ်စစ်ကျွမ်းကျင်(၃) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၈၂။ | ဦးရှိန်းကီး | လျှပ်စစ်ကျွမ်းကျင်(၃) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၈၃။ | ဒေါ်ရည်မွန် | ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၈၄။ | ဦးထွန်းထွန်း | ယန္တရားမောင်း(၃) | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၈၅။ | ဦးအောင်ဝင်း | လျှပ်စစ်ကျွမ်းကျင်(၄) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၈၆။ | ဦးချစ်မန်း | ဒု-လက်ထောက်ကြီးကြပ်ရေးမှူး (မီတာ) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၈၇။ | ဦးထန်ခွက် | ဒု-လက်ထောက်ကြီးကြပ်ရေးမှူး (မီတာ) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၈၈။ | ဦးအောင်ဆန်းဝင်း | ဒု-လက်ထောက်ကြီးကြပ်ရေးမှူး (မီတာ) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၈၉။ | ဦးကျော်ကျော်ဦး | ဒု-လက်ထောက်ကြီးကြပ်ရေးမှူး (မီတာ) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၉၀။ | ဦးဝင်းဆွေ | တက်မကိုင်-၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၉၁။ | ဦးကြည်ဆွေ | တက်မကိုင်-၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၉၂။ | ဦးတင်ဇော်မြင့် | ယန္တရားမောင်း-၅ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၉၃။ | ဦးဇင်မောင်ဦး | ယန္တရားမောင်း-၅ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၉၄။ | ဦးမင်းမင်းထွန်း | ယန္တရားမောင်း-၅ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၉၅။ | ဦးကျော်ကိုကိုထွန်း | လိုင်းဝန်ထမ်း(နေ့စား) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၉၆။ | ဦးပြည့်စုံအောင် | မီတာစာရေး(နေ့စား) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| ၉၇။ | ဦးကျော်မင်းခန့် | မီတာစာရေး(နေ့စား) | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |

## ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ

### ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)

| | | |
|---|---|---|
| ၁ ။ | ဦးတင်ခ (တက္ကသိုလ်တင်ခ) | စာပေပညာရှင် |

### နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)

| | | | | |
|---|---|---|---|---|
| ၁ ။ | ကြည်း ၂၀၈၉၃ | ဗိုလ်မှူးချုပ် | ငွေအောင် | ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ |
| ၂ ။ | ကြည်း ၂၆၁၆၈ | ဗိုလ်မှူးကြီး | နိုင်အောင် | ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ |
| ၃ ။ | ကြည်း ၃၃၀၄၇ | ဒုတိယဗိုလ်မှူးကြီး | နိုင်လင်းအောင် | ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) |
| ၄ ။ | ကြည်း ၃၀၅၄၃ | ဒုတိယဗိုလ်မှူးကြီး | မြတ်လင်းထွန်း | ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) |
| ၅ ။ | ကြည်း ၃၄၃၃၁ | ဒုတိယဗိုလ်မှူးကြီး | ထိန်လင်းဦး | ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) |
| ၆ ။ | ရေ ၃၉၉၈ | ဒုတိယဗိုလ်မှူးကြီး | ကျော်ကျော်လွင် | အလယ်ပိုင်းရေတပ်ကွပ်ကဲမှုဌာနချုပ် |
| ၇ ။ | ရေ ၄၀၇၂ | ဒုတိယဗိုလ်မှူးကြီး | မြင့်ခိုင် | ရေတပ်သင်္ဘောကျင်းဌာနချုပ် |
| ၈ ။ | ရေ ၄၀၇၉ | ဒုတိယဗိုလ်မှူးကြီး | ကိုထက် | ရေတပ်သင်္ဘောကျင်းဌာနချုပ် |
| ၉ ။ | ရေ ၄၁၂၆ | ဒုတိယဗိုလ်မှူးကြီး | တင်ထွန်းအောင် | ရေတပ်သင်္ဘောကျင်းဌာနချုပ် |
| ၁၀။ | ကြည်း ၄၅၃၁၁ | ဗိုလ်မှူး | ဆန်းမင်းထူး | မြေပုံထုတ်လုပ်ရေးအင်ဂျင်နီယာတပ် |
| ၁၁။ | ရေ ၄၂၁၄ | ဗိုလ်မှူး | အောင်မျိုးဝင်း | ရေတပ်သင်္ဘောကျင်းဌာနချုပ် |
| ၁၂။ | ရေ ၄၂၁၅ | ဗိုလ်မှူး | ကျော်ငြိမ်းစံ | ရေတပ်သင်္ဘောကျင်းဌာနချုပ် |
| ၁၃။ | လေ ၂၉၂၇ | ဗိုလ်မှူး | ချမ်းမြေ့ | လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် |
| ၁၄။ | လေ ၃၁၀၁ | ဗိုလ်မှူး | အောင်မျိုးမြင့် | လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် |
| ၁၅။ | ကြည်း ၄၂၄၇၀ | ဗိုလ်ကြီး | မင်းဇော်ငွေ | ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ |
| ၁၆။ | ကြည်း ၅၁၃၇၁ | ဗိုလ်ကြီး | နေလင်းကိုကို | ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ |
| ၁၇။ | ကြည်း ၅၁၄၆၈ | ဗိုလ်ကြီး | ညီလင်းအောင် | ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ |
| ၁၈။ | ကြည်း ၅၁၆၁၀ | ဗိုလ်ကြီး | ဖြိုးသူငွေ | လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများစက်ရုံ |
| ၁၉။ | ကြည်း ၅၃၉၀၈ | ဗိုလ်ကြီး | ပြည့်ဖြိုးအောင် | ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့ |
| ၂၀။ | ရေ ၄၅၄၂ | ဗိုလ်ကြီး | စိုးမိုးအောင် | ရေတပ်သင်္ဘောကျင်းဌာနချုပ် |
| ၂၁။ | ရေ ၅၀၆၁ | ဗိုလ်ကြီး | ကောင်းထက်ဝေ | ရေတပ်သင်္ဘောကျင်းဌာနချုပ် |
| ၂၂။ | လေ ၃၃၉၇ | ဗိုလ်ကြီး | မင်းမော်ဟန် | လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် |
| ၂၃။ | လေ ၃၈၀၄ | ဗိုလ်ကြီး | လှိုင်မင်းဖြိုး | လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် |
| ၂၄။ | လေ ၄၀၇၀ | ဗိုလ်ကြီး | တင်အောင်ခိုင် | လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် |
| ၂၅။ | ရေ ၂၇၂၂၉ | အရာခံဗိုလ် | သိန်းနိုင် | ရေတပ်သင်္ဘောကျင်းဌာနချုပ် |
| ၂၆။ | လေ ၂၀၆၅၈ | အရာခံဗိုလ် | ထွန်းစိုးနိုင် | လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် |
| ၂၇။ | လေ ၂၀၇၃၈ | အရာခံဗိုလ် | သန်းဦး | လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် |
| ၂၈။ | ရေ ၂၈၉၆၉ | ဒုအရာခံဗိုလ် | တင်ထွန်းအောင် | ရေတပ်သင်္ဘောကျင်းဌာနချုပ် |
| ၂၉။ | လေ ၂၈၄၆၇ | ဒုအရာခံဗိုလ် | သန်းထိုက်အောင် | လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် |
| ၃၀။ | လေ ၃၁၁၂၄ | ဒုအရာခံဗိုလ် | ဇော်မျိုးလွင် | လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် |
| ၃၁။ | လေ ၂၁၉၃၉ | အုပ်ခွဲတပ်ကြပ်ကြီး | ဝင်းစိုး | လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် |
| ၃၂။ | လေ ၂၇၇၉၂ | အုပ်ခွဲတပ်ကြပ်ကြီး | တင်ငွေ | လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ် |
| ၃၃။ | ဦးမင်းကြည် | လက်ထောက်အင်ဂျင်နီယာ | | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန |

### အနုပညာထူးချွန်တံဆိပ် (ပထမဆင့်)

| | | |
|---|---|---|
| ၁ ။ | ဒေါ်စန်းစန်း (ခ)အာဇာနည်စန်းစန်း | ဆပ်ကပ်ပညာရှင် |

### အနုပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)

| | | |
|---|---|---|
| ၁ ။ | ဦးအောင်ကြည်ဆွေ | ဇာတ်သဘင်ပညာရှင် |
| ၂ ။ | ဦးမင်းအောင်ဝင်း(ခ) ရွှေမြိုင်ဝင်းကြည် | ဇာတ်သဘင်ပညာရှင် |
| ၃ ။ | ဦးထွန်းဝေ | ဆိုင်းပညာရှင် |

**( ပုံ ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၁-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနာသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၆:၁၅** နှစ်သစ်ကူးတရားအလှူတော်မင်္ဂလာ 'ဒေါက်တာဘဒ္ဒန္တနန္ဒမာလာဘိဝံသ'
**၀၉:၁၅** မွေးမြူရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၄၅** ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး
**၁၃:၃၀** MRTV National News
**၁၄:၀၀** လွှတ်လပ်ရေးနေ့ဂုဏ်ပြုအငြိမ့် 'ဟားစတိုင်အငြိမ့်'
**၁၆:၃၅** အသိပညာနှင့်အမှန်တရား 'ချမ်းသာသည့်နိုင်ငံနှင့်ဆင်းရဲသည့်နိုင်ငံ၏အဓိကကွာခြားချက်'
**၁၇:၁၅** မြန်မာ့ရှေးဟောင်းပေ၊ ပုရပိုက် အကြောင်းသိမှတ်ဖွယ်ရာ
**၁၇:၃၅** MRTV Travelogue
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၁၉:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတိတ်ဒါဒါးဒါး အချစ်ချိုချို' (အပိုင်း-၁၇)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၁၄)
**၂၂:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း 'ကျေးရွာရှင်'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** Suvanna Sama (Hnin Yee Thant)
**07:09** Myanmar Traditional Food: Mohinga
**07:30** Palm-leaf Inscriptions and Parabaiks from Inlay Region
**07:39** SHWE SETTAW (Minbu)
**08:01** Fine Arts Podium (Conch Shell Wind Instrument)
**08:16** Gold from Garbage
**08:27** Ecotourism: Historic Pagodas and Intresting Places in Sagaing and Monywa Tourism Zone
**08:44** Lacquerware Technology College
**09:01** News
**09:26** Global Partnership for Brighter Future: Bahrain Pavilion at Expo 2020 Dubai
**09:32** Don Min Artist
**09:51** Kabyar Wa Beach

**MRTV NRC**

**စကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်အဝေါ်အဝါစာအုပ်
**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)
**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဗျိုင်းဖြူရွာလေးမှရေလုပ်သားကြီးရဲ့ဘဝ
**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
ချင်းရိုးရာအမဲအုပြောင်းဖူးပြုတ်
**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတလွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၂)
**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ကတိုးကျော့နတ်ရှာကဦးနာအောက်ဘုရား
**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည်(အပိုင်း-၁၂)
**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ဒေသထွက်အစားအစာရောက်ချိုသီးစိုက်ပျိုးနည်း
**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
တန့်ယန်းမြို့အလှ
**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
အင်းတော်ကြီးရဲ့လှပတဲ့သဘာဝပတ်ဝန်းကျင်
**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ခဲသမားတို့ရဲ့ဘဝ

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၃)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၃)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။


# ပထမအကြိမ်ရေကြောင်းတိုင်းတာရေးဆိုင်ရာ ပူးတွဲကော်မတီအစည်းအဝေး တက်ရောက်ရန် အိန္ဒိယရေတပ်မှ ရေကြောင်းတိုင်းတာရေးအကြီးအကဲ Vice Admiral Adhir Arora နှင့်ဇနီးတို့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၄**



မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပထမအကြိမ် ရေကြောင်းတိုင်းတာရေးဆိုင်ရာ ပူးတွဲကော်မတီအစည်းအဝေး (1st Joint Committee Meeting–JCM) သို့ တက်ရောက်ရန်အတွက် အိန္ဒိယရေတပ်မှ ရေကြောင်းတိုင်းတာရေးဆိုင်ရာ အကြီးအကဲဖြစ်သူ Vice Admiral Adhir Arora နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယရေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတွင် ဇန်နဝါရီလ ၈ ရက်အထိ ငါးရက်ကြာ နေထိုင်၍ ပူးတွဲကော်မတီ အစည်းအဝေးသို့ တက်ရောက်ခြင်းနှင့် ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄-၁-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၃၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၂၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၃၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၂၂၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၀၆/၁၃၄၅ ကျပ် | ၁၃၄၀/၁၃၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၁၅/၁၃၆၅ ကျပ် | ၁၃၆၀/၁၃၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၄၀/၁၃၆၀ ကျပ် | ၁၃၉၀/၁၄၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၉၀/၁၄၂၅ ကျပ် | ၁၄၉၅/၁၅၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၆ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၇ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၆၀၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၃ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၆ . ၁၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၉၁၉ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၄၀၀ | ၁၇၂ | ၁၄၁၃၃၀၀ |
| MTSH | ၃၀၅၀ | ၃၀၅၀ | ၂၉၉ | ၉၁၁၉၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၅ | ၁၁၇၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၈၄ | ၁၆၃၈၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁ | ၂၇၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၆၀၀၀ | ၆၀၀၀ | ၂ | ၁၂၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြစ်ကြီးနားမြို့၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

မြစ်ကြီးနား ဇန်နဝါရီ ၄

**ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနား၊ သဝဏ်လွှာဖတ်ပွဲနှင့် ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက်တွင် ကျင်းပရာ နံနက် ၄ နာရီ ၂၀ မိနစ်တွင် နိုင်ငံတော်အလံတင်အခမ်းအနားကို ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။**



နိုင်ငံတော်အလံတင်အခမ်းအနားကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကြည်လင်း ဦးဆောင်၍ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံအား လွှင့်တင်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံမှ ပေးပို့လာသော (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြည်သူ့အားကစားကွင်း၊ မိုးလုံလေလုံခန်းမ၌ ကျင်းပသည့် ဂျူဒိုပြိုင်ပွဲ၊ မနောမြေအားကစားခန်းမ၌ ရိုးရာခြင်းလုံးအလှခတ်ပြိုင်ပွဲနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများ ကျင်းပနေမှုကို ကြည့်ရှုအားပေးကြပြီး အားကစားနည်းအလိုက် ဆုရသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီအဖွဲ့ဝင်များက ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အားကစားပြိုင်ပွဲများကို မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း သတ်မှတ်နေရာများအလိုက် အပြေးပြိုင်ပွဲ၊ တင်းနစ်၊ ဂျူဒို၊ ကရာတေး၊ ရိုးရာခြင်းလုံး၊ ရေကူးပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲအဖြစ် သံပုံးရိုက်၊ ဖားခုန်၊ တာယာကွင်းဘောလုံးကန်၊ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ၊ ခြေသုံးချောင်းထောက်အပြေးပြိုင်ပွဲ၊ သံပုရာသီး ဇွန်းကိုက်၊ ကင်းမြီးကောက်အပြေးပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရှိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲ၊ ရွှင်ပွဲ၊ ပြိုင်ပွဲများ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲ၊ ရွှင်ပွဲ၊ ပြိုင်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ(၇) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းဦး တက်ရောက်၍ ဆုချီးမြှင့်သည်။



(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ ဝန်ထမ်းများနေထိုင်ရာ ရပ်ကွက်အသီးသီးရှိစာသင်ကျောင်းများကိုအခြေခံ၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့မှ အထောက်အကူပြုလျက် အမှတ(၇)အခြေခံပညာ အထက်တန်း ကျောင်းဝင်းအတွင်း လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲ၊ ရွှင်ပွဲများ ကျင်းပခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲများကို အသက်အရွယ်အလိုက် ကျား/မ ခွဲခြား၍ အပြေးပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ ခြေပူးပြေးပြိုင်ပွဲ၊ အပ်ထိုးပြေးပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြေးပြိုင်ပွဲ၊ အာလူးကောက်ပြေး ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲနှင့် စာအုပ်ရွက်ပြေးပြိုင်ပွဲ စုစုပေါင်း အားကစားနည်း(၁၁)မျိုးကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ပါဝင် ဆင်နွှဲကြသည်။

ပါဝင်ယှဉ်ပြိုင်ကျင်းပခဲ့သော အားကစားနည်း (၁၁)မျိုး၊ အားကစားသမားများ စုစုပေါင်း ၉၂၄ ဦးကို ဒီဇင်ဘာ ၂၈ ရက်မှ ၃၀ ရက်အထိ လူရွေးပွဲများ ကျင်းပယှဉ်ပြိုင်ကာ နောက်ဆုံးဆန်ကာတင် အားကစားသမား ၁၉၆ ဦးကို ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဗိုလ်လုပွဲကစားပွဲစဉ်(၂၆)ပွဲခွဲ၍ ယှဉ်ပြိုင်ကျင်းပခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ဆုပေးပွဲ အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမင်းမင်းဦး က အထက်တန်းအဆင့် ထုပ်ဆီးတိုးပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအားလည်းကောင်း၊ အမြဲတမ်း အတွင်းဝန်က Grade-3 အမျိုးသားမီတာ(၅၀)အပြေးပြိုင်ပွဲ ဆုရရှိသူများကို လည်းကောင်း၊ ဒုတိယအတွင်းဝန်များ၊ သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အမှတ (၇)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြပြီး အားကစားပွဲသို့ ကျောင်းသား ကျောင်းသူများနှင့် မိသားစုဝင်များ၊ ဝန်ထမ်းများ လာရောက်အားပေးခဲ့ပြီး ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးမိတ်မြို့တွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

**မိုးမိတ် ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်ခရိုင် မိုးမိတ်မြို့တွင် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက်တွင် မြို့မ ပြည်သူ့အားကစားကွင်းရှိ လွတ်လပ်ရေး ကျောက်တိုင်ရှေ့တွင် ကျင်းပသည်။



ရှေးဦးစွာ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ ၌ ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပခဲ့ကာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်က ဖတ်ကြားကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**

## ကော့သောင်းခရိုင် (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်အခမ်းအနားကျင်းပ

**ကော့သောင်း ဇန်နဝါရီ ၄**

(၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားအား ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး ကျန်းမာရေးဝန်ကြီးဌာန၏အကြံပြုချက်များနှင့်အညီ ကော့သောင်းမြို့ မြို့မရဲတပ်ဖွဲ့စခန်း အလေးပြုကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့မှ နိုင်ငံတော်အလံအားတိုင်ထိပ်သို့ လွှင့်ထူပြီး တပ်ဖွဲ့ဝင်များက အလေးပြုကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် သဝဏ်လွှာဖတ်ပွဲအခမ်းအနားအား ကော့သောင်းမြို့ ကျောက်တိုင်ကွင်းတွင် ဆက်လက်ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာသည့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များက နိုင်ငံတော်အလံနှင့်မြန်မာနိုင်ငံ လွတ်လပ်ရေး ကြိုးပမ်းမှုကာလအတွင်း ကျဆုံးလေပြီးသော အာဇာနည်အပေါင်းအား အလေးပြုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးအောင်က ဖတ်ကြားပြီး အခမ်းအနားအား ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဇန်နဝါရီ ၄**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် (၀) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် (၃) ဒီဂရီစင်တီဂရိတ်စီ၊ ကျောက်မဲမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် (၄) ဒီဂရီစင်တီဂရိတ်စီနှင့် လွိုင်လင်မြို့နှင့် မိုးကုတ်မြို့တို့တွင် (၅) ဒီစရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ကချင်ပြည်နယ်တွင် နေရာကွက်ကျားမိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာသာယာယာမည်။

**မိုး/ဇလ**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားပွဲ တောင်ကြီးမြို့၌ ကျင်းပ



တောင်ကြီး ဇန်နဝါရီ ၄

**(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား တိုင်အပြည့် လွှင့်ထူပေးပြီးနောက် တာဝန်ရှိသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။**

ဆက်လက်၍ သဝဏ်လွှာဖတ်ကြားပွဲကို နံနက် ၇ နာရီက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ ကျင်းပရာ ပထမဦးစွာစစ်ရေးပြတပ်ခွဲက စစ်ကြောင်းများဖြင့် ချီတက်နေရာယူပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းအား အလေးပြု၍ ပြည်နယ်ဝန်ကြီးနှင့် အခမ်းအနားတက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်ဂုဏ်ပြုပြီး ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုကာ ဂုဏ်ပြုစစ်ကြောင်းမှ သစ္စာအဓိဋ္ဌာန် (၄)ချက်ရွတ်ဆိုကြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။ **(ယာဗုံ)**

ထို့နောက် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်တွင် ပျော်ပွဲရွှင်ပွဲများဖြင့် ပြည်နယ်အားကစား လေ့ကျင့်ရုံကွင်းနှင့် ပြည်နယ်အားကစားကွင်းများတွင် ဌာနဆိုင်ရာပေါင်းစုံ အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဆုများ ချီးမြှင့်ပေးအပ်သည်။ **မောင်မောင်သန်း(တောင်ကြီး)**



# ပုသိမ်မြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကျင်းပ

**ပုသိမ် ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့်(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ က ပုသိမ်မြို့ ကျောက်တိုင် အားကစားကွင်း၌ ကျင်းပသည်။ အခမ်းအနားကို အနောက်တောင်တိုင်း စစ်ဌာနချုပ် တပ်မတော်ဂုဏ်ပြုတပ်ဖွဲ့က ဦးဆောင်၍ မြန်မာနိုင်ငံတော် အလံတင်ခြင်း အခမ်းအနားကို ဆောင်ရွက်ပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက နိုင်ငံတော်အလံအား အလေးပြုကြသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် နိုင်ငံတော်သဝဏ်လွှာဖတ်ကြားခြင်းကို ကျောက်တိုင် အားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။ အခမ်းအနားကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ ကျင်းပကြောင်း သိရသည်။

**ခရိုင်**

**(ပြန်/ဆက်)**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် အားကစားပြိုင်ပွဲများ ဘားအံမြို့၌ ကျင်းပ

**ဘားအံ ဇန်နဝါရီ ၄**

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် သဝဏ်လွှာ ဖတ်ကြားသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ သီရိကွင်းရှိ လွတ်လပ်ရေး ကျောက်တိုင်ရှေ့၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ နံနက် ၄ နာရီ ၂၀ မိနစ်တွင် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားကို ကျင်းပရာ အလံစောင့်တပ်ဖွဲ့နှင့်အလံတင် တပ်ဖွဲ့များက နိုင်ငံတော်အလံကို တိုင်ထိပ်သို့ လွှင့်ထူခဲ့ကြကာ တက်ရောက်လာသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် လွတ်လပ်ရေးနေ့ သဝဏ်လွှာ ဖတ်ကြားသည့် အခမ်းအနား ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဇော်မင်းအောင်၊ ကရင်အမျိုးသား အစည်းအရုံး (KNU) ဒူးပလာယာခရိုင်ဥက္ကဋ္ဌ ပဒိုစောရွှေမောင်း၊ ကရင် အမျိုးသားအစည်းအရုံး/ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော် - ငြိမ်းချမ်းရေး ကောင်စီ (KNU/KNLA-PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA)မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ များ နှင့် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ် ဝန်ကြီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး တက်ရောက်လာသူများနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ နှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြကာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံ တော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ်က ဖတ်ကြား သည်။

ဆက်လက်၍ ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံ မြို့ သီရိကွင်းတွင် ကရင်ပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနက ကြီးမှူးကျင်းပသော ဆန်ကောရွက်၊ ခေါင်းအုံးရိုက်၊ ဖယောင်းတိုင်မီးထွန်း၊ ဘောလုံး ဂိုးသွင်း၊ ချောတိုင်တက်၊ ပိုက် ကျော်ခြင်းနှင့် ဌာနပေါင်းစုံ အမျိုး သား/အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ တို့ကို ကြည့်ရှုအားပေးခဲ့ကြပြီး ဆုရရှိသူများအား ဂုဏ်ပြုဆု များ ချီးမြှင့်ခဲ့ကြကြောင်း သိရ သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြိုင်မြို့၌ လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ပွဲကျင်းပ

**မြိုင် ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး မြိုင်မြို့တွင် လွတ်လပ်ရေးနေ့ သဝဏ်လွှာ ဖတ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်း အတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဦးဆောင်၍ နိုင်ငံတော် အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီး များနှင့် တပ်ဖွဲ့အပေါင်းအား အလေးပြုပြီးနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဗိုလ်မှူးထက်နေအောင်က ဖတ်ကြားသည်။

အခမ်းအနားတွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၄)နှစ်မြောက် အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ အခမ်းအနားသို့ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပြီး ကိုဗစ်-၁၉ ကာလ လမ်းညွှန်ချက်များနှင့် အညီ ဆောင်ရွက်ကြောင်း သိရ သည်။ **သူရ(တောင်ငူ)**



# လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲအားကစား ပြိုင်ပွဲများ ကျင်းပပြုလုပ် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ထူးဆောင် လက်မှတ်ပေးအပ်ပွဲများကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

**(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ အနော်ရထာခန်းမရှေ့စစ်ရေး ပြကွင်း၌ ကျင်းပသည်။**



အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ စစ်သမီးများ တက်ရောက်ကြပြီး အခမ်းအနားတွင် နိုင်ငံတော်အလံ အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းတို့ကို စစ်ရေးပြအစီအစဉ် အတိုင်း ဆောင်ရွက်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားသည်။

အလားတူ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ စစ်ရေးပြအခမ်းအနားများကို တိုင်းစစ်ဌာနချုပ်များ အလိုက် ကျင်းပကြရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်များ တက်ရောက်ကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ကျင်းပကြသည်။

ၾငင်းပြင် တိုင်းစစ်ဌာနချုပ်များအလိုက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲအားကစား ပြိုင်ပွဲများပြုလုပ်ပြီး **(ယာပုံ)** အားကစားပြိုင်ပွဲများ အလိုက် ဆုရရှိသူများအား တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ထို့ပြင် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းခြင်းကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ကျင်းပကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်နှင့် ဂုဏ်ထူးဆောင် လက်မှတ်ရရှိကြသည့် အရာရှိ၊ စစ်သည်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလံတင်အခမ်းအနားများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ဂုဏ်ပြုမီးအလှထွန်းညှိခြင်းများပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၄**

ယနေ့သည် မြန်မာတစ်မျိုးသားလုံး ဝမ်းသာပျော်ရွှင်မဆုံးဖြစ်ရသော (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်နှင့်အညီ လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားများ၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများအား မြန်မာနိုင်ငံ အနှံ့အပြားရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ၾငင်းအပြင် တန်ခိုးကြီးဘုရားစေတီများ၊ ပန်းခြံများ၊ အများနှင့်သက်ဆိုင်သော နေရာများ၌ ဘုရားဖူးမြော်သူများနှင့် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ အပါအဝင် အခြားမြို့ကြီးများ၌ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုမီးအလှများ ထွန်းညှိခြင်းများ ဆောင်ရွက်ကြရာ(ဝဲပုံ) လာရောက်ကြည့်ရှုသူ မိဘပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) ဝန်ထမ်းများ ပါဝင်ယှဉ်ပြိုင်ကြသည့် ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို နေပြည်တော် တပ်ကုန်းတွင် ယနေ့နံနက်ပိုင်းက ကျင်းပကြရာ အမျိုးသမီးအသင်း ပြိုင်ပွဲတွင် NRC အသင်းက စီမံအသင်းကို အနိုင်ရရှိခဲ့ပြီး အမျိုးသား အသင်းပြိုင်ပွဲ၌ ရုပ်မြင်ဌာနခွဲအသင်းက NRC အသင်းကို အနိုင်ရရှိခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အသင်းများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲမကျင်းပမီ ဘတ်စကက်ဘောအားကစားနည်းစနစ်များ သိရှိနားလည်စေရန်အတွက် နည်းပြဆရာဖြင့် ၁၀ ရက်ကြာ စနစ်တကျ သင်ကြားပေးခဲ့ကာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ဌာနခွဲများမှ အမျိုးသားအသင်း ငါးသင်း၊ အမျိုးသမီးအသင်း လေးသင်းတို့ ပါဝင်ယှဉ်ပြိုင် ကစားကြကြောင်း သိရသည်။ **သတင်းစဉ်**





(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်းပွဲကို နေပြည်တော် တပ်ကုန်းမြို့ ခုတင်(၁၀၀) ဆေးရုံကြီးတွင် ဇန်နဝါရီ ၄ ရက်က ကျင်းပရာ ဒို့တပ်ကုန်းသဘာဝဘေးကူညီရေးအဖွဲ့၊ ဘုရင့်နောင် အောက်ဆီဂျင်ကူညီရေးအဖွဲ့နှင့် မေတ္တာရှင် သွေးလှူအဖွဲ့တို့က စုပေါင်းသွေးလှူကြစဉ်။ (၀၃၂)



ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရန်ပြေ ၁၅ လမ်း အနောက်(၃)ရပ်ကွက်တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ရာ ကလေးငယ်များ အုန်းသီးကောက်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။ မောင်ကျော်ကြီး

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

နေပြည်တော် ဇန်နဝါရီ ၄

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိနိုင်မည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြု သင်တန်း (၃/၂၀၂၂) ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သင်တန်းအပတ်စဉ် (၃/ ၂၀၂၂) အား (၁၀-၁-၂၀၂၂)ရက်နေ့မှ (၁၈-၂-၂၀၂၂) ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)** အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**



## ကသာမြို့နယ် ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် မြီးညှောင့်ငှက်တွေ့ရှိရမှု များလာ

**ကသာ ဇန်နဝါရီ ၄**

ကသာမြို့နယ် ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် ရာသီဥတုအလိုက် နေရပ်အမျိုးမျိုးပြောင်းရွှေ့ နေထိုင်ကျက်စားလေ့ရှိသော မြီးညှောင့်ငှက်များ ရေစပ်နှင့် လစိမ့်မြေနွံအိုင်ပေါက်တောများ၌ တွေ့ရှိရမှုများလာကြောင်း သိရသည်။

အဆိုပါငှက်မှာ ရှည်လျားသော အမြီးကိုအမြဲလှုပ်ရှားနေသောကြောင့် မြီးညှောင့်ငှက်ဟု ခေါ်ကြသည်။ ကိုယ်ထည်အလျား ခုနစ်လက်မခန့်ရှိသော အကောင်ငယ် ငှက်မျိုးဖြစ်ပြီး အဖြူအမည်းနှင့် မွဲပြာရောင်အဆင်းရှိ၍ နှုတ်သီးအောက်အမွေးဖြူပြီး သပိတ်လွယ်ငှက်ကဲ့သို့ အမည်းကွက်နှင့် ဝမ်းဗိုက်အောက်ပိုင်း အမြီးနားအထိ ဖွေးဖြူနေသော အမွေးများပါရှိကာ လှပသော ငှက်တစ်မျိုးဖြစ်သည်။

ရေစပ်အနီး၌ လမ်းလျှောက်ကာ အမြီးကို အထက်အောက်အဆက်မပြတ် လှုပ်ရှားသွားလေ့ရှိသည်။ မြက်ခင်းပြင်များနှင့် စိုက်ပျိုးရေးကွင်းများ၊ မြစ်၊ ချောင်း ရေစပ်များတွင် အစားရှာဖွေစားသောက်လေ့ရှိသည်။ သစ်ပင်ပေါ်များ နားနေခြင်းမတွေ့ရဘဲ မြစ်ချောင်းရေစပ် တံတားထိပ်များ၌ ရပ်နားနေတတ်ကြသည်။

ဆောင်းရာသီကာလတွင် ရွှေ့ပြောင်းတတ်သောကြောင့် ဧည့်သည်ငှက်မျိုးဖြစ်သည် ။အသိုက်လုပ်ချိန်ကာလတွင် အပင်အမြစ် အမျှင်များ၊ မြက်ခြောက်များဖြင့် ကျောက်တုံးကျောက်ခဲများအောက်၌ ခွက်နေသောနေရာများတွင် ပန်းကန်လုံးပုံသဏ္ဌာန်အသိုက်လုပ်၍ နေလေ့ရှိပြီး ချုံပုတ်၊ ကျူပင်များပေါက်ရာနေရာနှင့် သဲသောင်ပြင်တွင်လည်း အသိုက်လုပ် နေထိုင်တတ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

## ရေတာရှည်မြို့နယ်၌ ဆွာဆည်ရေဖြင့် နွေစပါးစတင်စိုက်ပျိုး

**ရေတာရှည် ဇန်နဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု ဥယျာဉ်မှူးကျေးရွာအနီးရှိ ဆွာချောင်းရေလှောင်တမံမှ ၂၀၂၁-၂၀၂၂ ခုနှစ် နွေစပါးရာသီအတွက် ဧက ၉၀၀၀ ကျော် လျာထား၍ ဒီဇင်ဘာ ၁၀ ရက်တွင် ရေပေးလက်တံမြောင်း အမှတ် ၂ မှ ရေများ စတင်ပေးဝေခဲ့ပြီး ယခုအခါ ဆည်ရေဖြင့် စပါးများစတင်စိုက်ပျိုးနေကြပြီဖြစ်သည်။ ရေပေးလက်တံမြောင်း အမှတ် ၂ နှင့် မြောင်းခွဲ(၁) ရေသောက် ဧရိယာများ၌ ပါဝင်သော သိုင်းဝ၊ ကွင်းကြီး၊ ကုန်းကြီး၊ ဆွာမင်းလမ်း၊ သပြေတန်း၊ ညောင်ပင်သာ၊ ကွမ်းအုံ၊ ဒိုးတန်းကျေးရွာအုပ်စုများရှိ စိုက်ပျိုးဧက ၉၀၀၀ ကျော်ကို လျာထားခြင်းဖြစ်သည်။

နွေစပါးစိုက်ပျိုးရန် ထယ်ရေးပြုပြင်ရာတွင် ထွန်စက်၊ လက်တွန်းထွန်စက်ငယ်များကို အဓိကသုံးစွဲကြပြီး လက်ရှိစက်သုံးဆီဈေးနှုန်းကြောင့် ထွန်စက်ဖြင့် ငှားရမ်းအသုံးပြုရာ၌ တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀ ပေးရသဖြင့် ယခင်နှစ်ကထက် ၇၀၀၀ ခန့် ဈေးမြင့်သွားခဲ့ခြင်းဖြစ်သည်။ အလားတူ ထယ်ထိုးပြီးသည့် လယ်ကွက်များကို စိုက်ထယ်ရေးမပြုလုပ်မီ လယ်ကန်သင်းများကို လယ်ယာလုပ်သားများ ငှားရမ်း၍ ကန်သင်းပြုပြင်ခြင်း၊ လယ်ကြားမြောင်းများဆယ်ယူခြင်း၊ ပေါင်းမြက်ကိုင်ရမ်းခြင်း၊ စပါးကြဲခြင်းတို့အတွက် မဖြစ်မနေငှားရမ်းလုပ်ကိုင်ကြရသည့် အားလျော်စွာ ကုန်ကျစရိတ်မှာ ယခင်နှစ်ကထက် ပို၍ကုန်ကျမှုများပြားကြောင်း တောင်သူများထံမှ သိရသည်။

"ဒီနှစ် ရေအားကောင်းတော့ တောင်သူတွေ အဆင်ပြေကြတယ်။ ဆည်မြောင်းဝန်ထမ်းတွေကလည်း နေ့တိုင်း ရေလိုက်ကြည့်နေတာ။ တောင်သူတွေရဲ့ လိုအပ်ချက်ကို ချက်ချင်းဆောင်ရွက်ပေးနိုင်တာတွေလည်း ရှိတယ်။ ကုန်ကျစရိတ်တွေက အရင်နှစ်တွေထက်များတယ်" ဟု ဆွာမင်းလမ်း ကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။



နွေစပါး စိုက်ပျိုးကြသည့် တောင်သူများသည် သုံးလသက်တမ်း သက်လျင်စပါးမျိုးများဖြစ်သော ထိုင်းနှံကောက်မျိုးကို အဓိကစိုက်ပျိုးကြပြီး ရက် ၁၂၀ သက်တမ်းရှိ ရတနာတိုး၊ ဖျော့ထွန်းမျိုးအချို့ကို စိုက်ပျိုးကြသည်ကို တွေ့ရသည်။ နွေစပါး စိုက်ပျိုးပြီး တစ်လသားရောက်လျှင် ဓာတ်မြေဩဇာကြဲပက်ကြရသည်ဖြစ်ရာ ယခုလက်ရှိဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲရန် အခက်အခဲများစွာ ရှိနေကြခြင်းဖြစ်ပြီး အခြားသော ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးသွင်းအားစု ဈေးနှုန်းများ ကျဆင်းမှသာ အဆင်ပြေနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## မန်ကန်မြို့၌ ကိုဗစ် -၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံရန်ကျန်ရှိနေသေးသော ဒေသခံပြည်သူများအား ထပ်မံကွင်းဆင်း ထိုးနှံပေး

**မန်ကန် ဇန်နဝါရီ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မန်ကန်မြို့၌ အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ် -၁၉ ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံရန် ကျန်ရှိနေသေးသော ဒေသခံပြည်သူများအား မန်ကန်မြို့နှင့် ငှက်ကာကျေးရွာအုပ်စုတွင် ယနေ့ နံနက်ပိုင်းက ကွင်းဆင်း ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် မန်ကန်မြို့နှင့် ငှက်ကာကျေးရွာအုပ်စုရှိ အသက် ၁၈ နှစ်နှင့်အထက် ကိုဗစ် - ၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံရန် ကျန်ရှိနေသေးသော ဒေသခံ ပြည်သူစုစုပေါင်း ၁၂၅ ဦးအား ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ထားသည့် ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့် အညီ ကာကွယ်ဆေးကို စနစ်တကျ ထိုးနှံပေးခဲ့သည်။

ထို့ပြင် ဒုတိယအကြိမ် ထိုးနှံရန် ကျန်ရှိနေသေးသော ဒေသခံ ပြည်သူများကိုလည်း ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့စီမံအုပ်ချုပ်ရေးမှူး ဦးနိုင်မင်းထွန်းထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံခြားခရီးသွားများဝင်ရောက်ခြင်းကို အစ္စရေးနိုင်ငံက ပြန်လည်ခွင့်ပြုသွားမည်

**ဂျေရုဆလင် ဇန်နဝါရီ ၄**

အစ္စရေးနိုင်ငံသည် ဇန်နဝါရီ ၉ ရက်မှစတင်ကာ နိုင်ငံအများစုမှ နိုင်ငံခြားခရီးသွားများကို အစ္စရေးနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ပြုရန် အစီအစဉ်ရှိသည်ဟု သိရသည်။

အစ္စရေးနိုင်ငံသည် နိုဝင်ဘာလနှောင်းပိုင်းမှ စတင်ကာ နိုင်ငံခြားခရီးသွားများ နိုင်ငံအတွင်းဝင်ရောက်မှုကို ပိတ်ပင်ခဲ့သည်။ ကမ္ဘာအနှံ့အပြား၌ အိုမီခရွန် ကူးစက်မှုများ များပြားလာစဉ် ယင်းကဲ့သို့ ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

ယင်းကဲ့သို့ ပိတ်ပင်ထားမှုကို ဇန်နဝါရီ ၉ ရက်မှ စတင်ကာ ဖယ်ရှားပေးမည်ဟု အစ္စရေးကျန်းမာရေးအာဏာပိုင်များက ဇန်နဝါရီ ၃ ရက်တွင် ပြောသည်။ ကိုဗစ် – ၁၉ ကူးစက်မှုအလယ်အလတ်ရှိသည့် နိုင်ငံများမှ ကာကွယ်ဆေးအပြည့်ထိုးထားသူများနှင့် မကြာသေးမီအတွင်းကမှ ကိုဗစ် –၁၉ ကူးစက်ခံရပြီး ပြန်လည် နာလန်ထူလာသူများကို နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပေးမည်ဟု အစ္စရေးကျန်းမာရေးအာဏာပိုင်များက ပြောသည်။




တဲအဗစ်မြို့ရှိ ဘင်ဂူရီယန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တွေ့ရစဉ်။

အစ္စရေးနိုင်ငံတွင် နိုင်ငံခြားသား ဝင်ရောက်မှုကို ပိတ်ပင်ထားသော်လည်း နေ့စဉ်ကူးစက်မှုများမှာ များပြားနေဆဲဖြစ်သည်။

ဇန်နဝါရီ ၂ ရက်တွင် နေ့စဉ်ကူးစက်မှုမှာ ၆၀၀၀ အထိ ရှိခဲ့သည်။ ယင်းပမာဏမှာ စက်တင်ဘာလမှစတင်ကာ အများဆုံးပမာဏပင်ဖြစ်သည်။

သို့သော်လည်း အစ္စရေးအစိုးရသည် တင်းကျပ်သည့် လူမှုဝေးကွာ အစီအစဉ်များနှင့် စီးပွားရေး ကန့်သတ်ချက်များ ပြန်လည်ချမှတ်ခြင်းကို ရပ်တန့်ပေးခဲ့သည်။

ယင်းအစား အသက် ၆၀ နှင့်အထက်များ၊ ကျန်းမာရေးဝန်ထမ်းများကို စတုတ္ထအကြိမ် ကာကွယ်ဆေး ထိုးပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အာဖဂန်နစ္စတန်၌ ဆီးနှင်းများပြင်းထန်စွာကျဆင်းမှုကြောင့် ခုနစ်ဦးသေဆုံး

**ကဘူးလ် ဇန်နဝါရီ ၄**

အာဖဂန်နစ္စတန်နိုင်ငံ၌ ဆီးနှင်းများ ပြင်းထန်စွာကျဆင်းမှုကြောင့် ယာဉ်အသွားအလာများ ရှုပ်ထွေးမှုဖြစ်ပေါ်ခဲ့ပြီး ခုနစ်ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဒဏ်ရာရရှိသူများလည်းရှိကြောင်း ဒေသခံအာဏာပိုင်များက ဇန်နဝါရီ ၄ ရက်တွင် ပြောသည်။ မြောက်ပိုင်း ဂျော့ဂျန် ပြည်နယ်တွင် ယာဉ်နှစ်စင်းတိုက်မှုကြောင့် လမ်းသွားလမ်းလာ တစ်ဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။



အာဖဂန်နစ္စတန်တွင် ဆီးနှင်းထူထပ်စွာ ကျဆင်းနေသည်ကို တွေ့ရစဉ်။

အရှေ့ပိုင်း နန်ဂဟာပြည်နယ်တွင်လည်း တောင်ထူထပ်သော အဝေးပြေးလမ်းမကြီး တစ်လျှောက် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ပြီး ခြောက်ဦးအသက်ဆုံးရှုံးကာ ရှစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အနောက်ပိုင်း ဟီရတ်ပြည်နယ်တွင်လည်း လူ ခုနစ်ဦးဒဏ်ရာရရှိခဲ့ပြီး ဒေသတွင်းဆေးရုံတွင် တက်ရောက်ကာ ကုသမှုခံယူခဲ့ရသည်။ အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်မြို့နှင့် ၆၄၀ ကီလိုမီတာအကွာရှိ ကမာကွာလာဒေသတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ပြီး ယခုကဲ့သို့ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# အသက် ၁၂ နှစ်မှ ၁၅ နှစ်ကြား ကလေးများကို ဖိုက်ဇာကာကွယ်ဆေး တတိယအကြိမ်ထိုးပေးရန် အက်ဖ်ဒီအေ ခွင့်ပြုပေး

**ဝါရှင်တန် ဇန်နဝါရီ ၄**

ဖိုက်ဇာ ကိုဗစ် –၁၉ ကာကွယ်ဆေးကို အသက် ၁၂ နှစ်နှင့် ၁၅ နှစ်ကြား ကလေးများကို တတိယအကြိမ် ထိုးပေးရန် အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး (အက်ဖ်ဒီအေ)မှ ခွင့်ပြုချက်ပေးခဲ့ကြောင်း သိရသည်။

အမေရိကန်တွင် ကိုဗစ် – ၁၉ ကူးစက်မှုအရေအတွက် များပြားလျက်ရှိပြီး အိုမီခရွန်ကူးစက်မှုများမှာလည်း ပျံ့နှံ့လျက်ရှိသည်။ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးသည့် အချိန်နှင့် တတိယအကြိမ် ကာကွယ်ဆေး ထိုးရမည့်အချိန် ကြားကာလကို ယခင်က ခြောက်လသတ်မှတ်ထားရာမှ ယခုအခါ ငါးလအထိ လျှော့ချပေးခဲ့ကြောင်း သိရသည်။

ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ဖော်ပြမှုအရ တစ်ပတ်တာအတွင်း နေ့စဉ်ကူးစက်မှုမှာ ၃၆၃၀၀၀ တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။ နယူးယောက်မြို့တွင် ကိုဗစ် – ၁၉ ကူးစက်မှု များပြားလျက်ရှိပြီး ဆေးရုံတက်ရမှုနှုန်းမှာလည်း မြင့်မားလျက်ရှိသည်။

အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်လည်း အလုပ်သမားအင်အားပြတ်လပ်မှုကြောင့် ဘတ်စ်ကားများနှင့် မြေအောက်ရထား ဝန်ဆောင်မှုတို့မှာလည်း ရပ်ဆိုင်းလျက်ရှိသည်။ အမေရိကန် အစိုးရသည် ပြည်သူများ ကိုဗစ် –၁၉ ကာကွယ်ဆေးကို အပိုဆောင်းထိုးကြရန် တိုက်တွန်းလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## ဘာရာဇီးသမ္မတ၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်တည်ငြိမ်သွားပြီဖြစ်ကြောင်း ဆေးအဖွဲ့ပြော

**ဆော်ပေါလို ဇန်နဝါရီ ၄**

အူအတွင်းပိတ်ဆို့မှုဖြင့် ဇန်နဝါရီ ၃ ရက်နံနက်ပိုင်းက ဆေးရုံတက်ခဲ့သော ဘာရာဇီးသမ္မတ ဂျာဘော်ဆွန်နာရို၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်သွားပြီဖြစ်သော်လည်း ဆေးရုံမှဆင်းရန်မျှော်လင့်၍မရသေးကြောင်း ဆော်ပေါလိုရှိ ဗီလာနိုဗာစတားဆေးရုံ၏ ထုတ်ပြန်ချက်အရ သိရသည်။

သတင်းလွှာထုတ်ပြန်မှုအရ ဘော်ဆွန်နာရိုသည် အူသိမ်အူမပိတ်ဆို့မှုဖြင့် ဆေးရုံတက်ခဲ့ရကြောင်းနှင့် ယခုအခါတွင် အခြေအနေမှာ တည်ငြိမ်သွားပြီဖြစ်ကြောင်း ၎င်း၏ဆရာဝန် အန်တိုနီယိုလုဇ်မာဆီဒိုနှင့် ၎င်း၏အဖွဲ့က သုံးသပ်ဖော်ပြခဲ့သော်လည်း ဆေးရုံမှဆင်းရန် မဖြစ်နိုင်သေးကြောင်း သိရသည်။

ဖြစ်နိုင်သည့်ခွဲစိတ်မှုများ လုပ်ဆောင်ရန် စစ်ဆေးမှုများ ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘော်ဆွန်နာရိုက ၎င်း၏တွစ်တာအကောင့်တွင် ဖော်ပြခဲ့သည်။

ဆန်တာ ကာတရီနာပြည်နယ်တွင် နှစ်သစ်ပွဲတော်ဆင်နွှဲနေစဉ် ဇန်နဝါရီ ၂ ရက် နေ့လယ်စာစားပြီးနောက် နေမကောင်းဖြစ်လာခဲ့ကြောင်း ဘာရာဇီးသမ္မတက ပြောခဲ့သည်။

ဘာရာဇီးသမ္မတက သူ့အနေဖြင့် ယခုတစ်ကြိမ် ဆေးရုံတက်ခြင်းသည် ဒုတိယအကြိမ် ဆေးရုံတက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုကာလအတွင်း ဓားဖြင့်တိုက်ခိုက်ခံရမှုကြောင့် အလားတူ ရောဂါမျိုးဖြင့် ပထမအကြိမ် ဆေးရုံတက်ခဲ့ရကြောင်းနှင့် ထိုအချိန်ကတည်းက ယခုအချိန်အထိ ခွဲစိတ်မှု လေးခါလုပ်ခဲ့ကြောင်းပြောခဲ့သည်။

**ဆင်ဟွာ**

## အစ္စရေးနိုင်ငံ၌ ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ပိုင်းလော့နှစ်ဦးသေဆုံး

**ဂျေရုဆလင် ဇန်နဝါရီ ၄**

အစ္စရေးနိုင်ငံမြောက်ပိုင်း ကမ်းရိုးတန်းဒေသတွင် ဇန်နဝါရီ ၃ ရက် ညပိုင်းက ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားခဲ့ပြီး အစ္စရေးတပ်ဖွဲ့မှ ပိုင်းလော့နှစ်ဦးစလုံး သေဆုံးခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောသည်။

ပင်လယ်ရေကြောင်းလေ့လာရေး ရဟတ်ယာဉ်သည် ဟိုင်ဖာမြို့ ကမ်းရိုးတန်းမြေထဲပင်လယ်အတွင်းသို့ ပျက်ကျသွားခဲ့သည်။

လေယာဉ်ပေါ်တွင် ပိုင်းလော့နှစ်ဦးနှင့် ဝေဟင်လေ့လာသူတစ်ဦးလိုက်ပါလာခဲ့ပြီး လေ့ကျင့်ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဝေဟင်လေ့လာသူမှာ ဒဏ်ရာရရှိခဲ့ပြီး ၎င်းကို ရမ်ဘမ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်ဟု အစ္စရေးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက သတင်းထုတ်ပြန်သည်။

ဝေဟင်လေ့လာသူမှာ အသက်အန္တရာယ်စိုးရိမ်ရခြင်းမရှိဘဲ ဟိုင်ဖာရှိ ရမ်ဘမ်ဆေးရုံသို့ပို့ဆောင်ပေးနိုင်ခဲ့သည်။ ယခုအခါ ၎င်းမှာ တည်ငြိမ်သည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ပြီး သွေးအားနည်းခြင်းအတွက်သာ ကုသပေးနေရသည်ဟု ရမ်ဘမ်ဆေးရုံမှ ညွှန်ကြားရေးမှူးဖြစ်သူ မစ်ကီဟာဘာတယ်လ်က သတင်းထောက်များကို ပြောသည်။

**ဆင်ဟွာ**

## တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် မြေပြိုမှုဖြစ်ပွားပြီး သေဆုံးသူ ၁၄ ဦးအထိရှိလာ

**ဂွီရန် (Guiyang) ဇန်နဝါရီ ၄**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း Guizhou ပြည်နယ် ဘီဂျီမြို့တွင် မြေပြိုမှုဖြစ်ပွားခဲ့သဖြင့် သေဆုံးသူဦးရေ ၁၄ ဦးအထိမြင့်တက်လာကြောင်း ဒေသအာဏာပိုင်များက ဇန်နဝါရီ ၄ ရက်က ပြောသည်။

မြေပြိုမှုသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ဒီဇင်ဘာ ၃ ရက် ဒေသစံတော်ချိန် ညနေ ၇ နာရီက ဖြစ်ပွားခဲ့ကြောင်း ဘီဂျီ အစိုးရအဖွဲ့က ပြောသည်။

ဒီဇင်ဘာ ၄ ရက် ညနေ ၂ နာရီ ၅ မိနစ်အထိ လူ ၁၇ ဦး တွေ့ရှိခဲ့ကြောင်းနှင့် ၎င်းတို့အနက် ၁၄ ဦးမှာသေဆုံးခဲ့ပြီး သုံးဦးမှာ ဆေးရုံတွင် ဆေးကုသမှုခံယူနေကြောင်းသိရသည်။ ဒဏ်ရာရရှိသူ သုံးဦးမှာ အခြေအနေတည်ငြိမ်ကောင်းမွန်လျက်ရှိသည်။

ကယ်ဆယ်ရေးလုပ်ငန်းများမှာ ပြီးဆုံးခဲ့ပြီဖြစ်သော်လည်း မတော်တစ်ဆဖြစ်ပွားရသည့်အကြောင်းရင်းကို မသိရသေးချေ။

**ဆင်ဟွာ**

# ဇန်နဝါရီ ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄၄ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၇၈ ဦးရှိ

(၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၀၇၆,၄၄၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၁,၂၉၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၅၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၉,၁၈၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၇၈) ဦး ရှိပါသည်။


**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၄-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၅၉၉) ခု | (၁၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၄၈) ခု | - |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅၆) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၃၂) ခု | (၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၄၈) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၈၅) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၂၈၉) ခု | (၁၀၈) ဦး |
| **စုစုပေါင်း** | (၁၀,၉၅၇) ခု | (၁၄၄) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျစည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်း လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း ရောဂါဖြစ်ပွားမှုအခြေအနေ
(၂၇-၅-၂၀၂၁ မှ ၃-၁-၂၀၂၂)




- ပြည်သူလူထုအကြား မြုပ်ကွယ်နေသည့် ကိုဗစ်-၁၉ ရောဂါပိုးရှိနေသူများ (ဥပမာ- ရောဂါလက္ခဏာမပြသော်လည်း ရောဂါပိုးရှိနေသူများ၊ သံသယရောဂါလက္ခဏာများရှိ၍ ရောဂါပိုးရှိနေနိုင်သော်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့ခြင်းမရှိသူများ)ထံမှ ရောဂါပိုးအဆင့်ဆင့် ဆက်လက်ကူးစက်၍ ရောဂါဖြစ်ပွားမှုများ ပြန်လည်မြင့်တက်လာခြင်းမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပြည်သူလူထုအနေဖြင့် မိမိတို့ကဏ္ဍအလိုက် ယခုထက် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးဝင်ရောက်ဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် (၄-၁-၂၀၂၂) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ အတည်ပြုလူနာစုစုပေါင်း (၄၄၂,၉၂၃) ဦးရှိ၍ သေဆုံးသူ (၁၀၄) ဦး ရှိပြီဖြစ်ရာ ဥရောပ၊ မြောက်အမေရိက၊ တောင်အမေရိက၊ အာဖရိက၊ ဩစတြေးလျ၊ အရှေ့တောင်အာရှအပါအဝင် အာရှဒေသနိုင်ငံများ စသည့်ကမ္ဘာ့ဒေသအသီးသီးရှိ နိုင်ငံ/ ဒေသပေါင်း (၁၃၅) ခုအထိ ကျယ်ပြန့်စွာ ပျံ့နှံ့ရောက်ရှိပြီးဖြစ်သည်ဟု သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးနှင့်ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၄-၁ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၇၁၃၁၁၈၇ | ၄၁၇၂၂၄၆၈ | ၈၄၈၈၈၅ |
| ၂။ | အိန္ဒိယ | ၃၄၉၆၀၂၆၁ | ၃၄၃၀၆၄၁၄ | ၄၈၂၀၁၇ |
| ၃။ | ဘရာဇီး | ၂၂၃၀၅၀၇၈ | ၂၁၅၆၇၈၄၅ | ၆၁၉၂၄၅ |
| ၄။ | ဗြိတိန် | ၁၃၄၂၂၈၁၅ | ၁၀၄၆၀၆၅၉ | ၁၄၈၈၉၃ |
| ၅။ | ရုရှား | ၁၀၅၇၀၂၁၂ | ၉၅၇၅၁၄၇ | ၃၁၂၁၈၇ |
| ၆။ | ပြင်သစ် | ၁၀၃၁၇၈၁၉ | ၈၂၀၉၉၂၁ | ၁၂၄၂၁၂ |
| ၇။ | တူရကီ | ၉၅၉၇၆၇၀ | ၉၁၃၆၂၉၀ | ၈၂၇၉၅ |
| ၈။ | ဂျာမနီ | ၇၂၃၅၁၃၅ | ၆၅၃၁၉၀၀ | ၁၁၃၀၇၄ |
| ၉။ | စပိန် | ၆၆၆၇၅၁၁ | ၅၀၉၉၆၄၇ | ၈၉၅၇၃ |
| ၁၀။ | အီတလီ | ၆၃၉၆၁၁၀ | ၅၁၃၃၂၇၂ | ၁၃၇၇၈၆ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၄- ၁ - ၂၀၂၂

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၃၇၃၂ | ၄၁၁၄၉၆၉ | ၁၄၄၁၀၅ |
| ဖိလစ်ပိုင် | ၂၈၆၁၁၁၉ | ၂၇၇၉၇၀၆ | ၅၁၆၀၄ |
| မလေးရှား | ၂၇၆၇၀၄၄ | ၂၆၉၅၇၅၁ | ၃၁၅၆၀ |
| ထိုင်း | ၂၂၃၅၅၇၆ | ၂၁၈၀၃၂၁ | ၂၁၇၅၀ |
| ဗီယက်နမ် | ၁၇၇၈၉၇၆ | ၁၃၉၇၁၅၇ | ၃၃၀၂၁ |
| မြန်မာ | ၅၃၁၂၉၉ | ၅၀၉၁၈၂ | ၁၉၂၇၈ |
| စင်ကာပူ | ၂၈၀၇၅၄ | ၂၇၆၆၄၃ | ၈၂၉ |
| ကမ္ဘောဒီးယား | ၁၂၀၅၂၆ | ၁၁၆၉၆၃ | ၃၀၁၅ |
| လာအို | ၁၁၃၉၅၁ | ၁၀၄၇၀၇ | ၄၀၃ |
| ဘရူနိုင်း | ၁၅၅၀၆ | ၁၅၃၁၇ | ၉၈ |

# လုပ်ငန်းရှင်များအနေဖြင့် FDA ၏ E-Submission Link သို့ ဝင်ရောက်လျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြား

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ကိုဗစ်-၁၉ ကာကွယ်ကုသရေးဆေးဝါးနှင့် ဆေးပစ္စည်းများနှင့် ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဖြေလျှော့ဆောင်ရွက်မှုများကို ဆေးဝါးအတွက် အသိပေးကြေညာချက်များအား (၂၂-၇-၂၀၂၁) နေ့တွင်လည်းကောင်း၊ (၂၇-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ (၁၃-၈-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Molnupiravir Tablet ကို (၁၇-၁၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း စုစုပေါင်း (၄) ကြိမ်၊ ဆေးပစ္စည်းအတွက် အသိပေးကြေညာချက်များအား (၂၂-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ (၁၇-၈-၂၀၂၁) ရက်နေ့တွင်လည်းကောင်း စုစုပေါင်း (၂) ကြိမ်နှင့် ကျန်းမာရေးအထောက်အကူပြု အစားအသောက်များ ဆရာဝန်ညွှန်ကြားချက် မလိုသော ဆေးဝါးများနှင့် ပတ်သက်၍ အသိပေးကြေညာချက်များအား (၂၇-၇-၂၀၂၁) ရက်နေ့တွင် (၁) ကြိမ် အများပြည်သူ သိရှိနိုင်ရန်အတွက် FDA ၏ Website (www. fda. gov.mm) နှင့် Food and Drug Administration Myanmar Facebook Page တို့တွင် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ E-Submission System ဆောင်ရွက်မှုကိစ္စနှင့်ပတ်သက်၍ Food IR ၏ Launch Date မှာ(၁-၂-၂၀၂၁)ရက်နေ့တွင်လည်းကောင်း၊ Medical Device တွင် IR အတွက် Launch Date (၁-၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ One Time အတွက် Launch Date မှာ(၁-၅-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Local Manufacture အတွက် Launch Date မှာ (၂၃-၁၁-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Local Product Registration အတွက် Launch Date မှာ (၂၃-၁၁-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Cosmetic အတွက် IR ၏ Notification Launch Date မှာ (၁-၄-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Local (Notification) ၏ Launch Date မှာ (၁-၇-၂၀၂၁) ရက်နေ့တွင်လည်းကောင်း၊ Local Manufactured Launch Date မှာ (၂၆-၁၁-၂၀၂၁) ရက်နေ့တွင် လည်းကောင်း၊ Drug System (DIAC, One Time) Launch Date မှာ (၈-၁၂-၂၀၂၁) ရက်နေ့တွင်လည်းကောင်း Launching ပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ E-Submission ဆောင်ရွက်ခဲ့သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ Trade Facilitation ဆိုင်ရာ ဆောင်ရွက်မှုအနေဖြင့် (၂၀၂၁)ခုနှစ်၊ ဖေဖော်ဝါရီလမှ စတင်ကာ E-Submission စနစ်များအား စတင်အကောင်အထည်ဖော်ပြီးဖြစ်ပါ၍ အဆိုပါ Launching လုပ်သည့်ကိစ္စရပ်များအား သိရှိနိုင်ပါရန်နှင့် လုပ်ငန်းရှင်များအနေဖြင့် FDA ၏ E-Submission Link ဖြစ်သော http://esubmission.fda.gov.mm သို့ ဝင်ရောက်လျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအတိုင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| ဆေးဝါးဌာနခွဲ | - ၀၆၇-၄၀၃၀၇၃/၀၆၇-၄၀၃၀၉၁ |
| ဆေးပစ္စည်း၊ အလှကုန်/ လူသုံးကုန်ဌာနခွဲ | - ၀၆၇-၄၀၃၄၈၉ |
| အစားအသောက်ဌာနခွဲ | - ၀၆၇-၄၀၃၂၅၀ |

Fdanpt1@gmail.com

# ပင်လည်ဘူးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ရန် အင်ဂါးကျေးရွာသို့ ရောက်ရှိနေသည့် အကြမ်းဖက်အဖွဲ့များအား ဝင်ရောက်ဖမ်းဆီး၊ ကျေးရွာသူ၊ ကျေးရွာသားများအား လိုအပ်သည့်ကူညီထောက်ပံ့မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

နေပြည်တော် ဇန်နဝါရီ ၄

**စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အင်ဂါးကျေးရွာသို့ ရောက်ရှိနေသည့် KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့တွင် သွားရောက်ဖမ်းဆီးခဲ့ရာ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများထံမှ လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရမိခဲ့သည်။**

ဖြစ်စဉ်မှာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားအင်အား ၈၀ ခန့်သည် အင်ဂါးကျေးရွာသို့ ရောက်ရှိနေကြောင်း ဆူပူအကြမ်းဖက်မှုကို မလိုလားသည့် ကျေးရွာသားအချို့က ကျေးရွာအနီးဆုံးရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်ဆက်သွယ်အကြောင်းကြား သတင်းပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မွန်းလွဲ ၂နာရီခွဲခန့်တွင် အဆိုပါကျေးရွာအတွင်းသို့ ဝင်ရောက်ဖမ်းဆီးစဉ် အကြမ်းဖက်သမားများနှင့် ညနေ ၄ နာရီခွဲခန့်အထိ အပြန်အလှန်ထိတွေ့ပစ်ခတ်မှုများဖြစ်ပွားခဲ့ကာ အကြမ်းဖက်သမားများ ကျေးရွာ၏ အရှေ့မြောက်ဘက်သို့ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ထံမှ လက်လုပ်သေနတ် သုံးလက်၊ အိုင်ကွန်အထိုင် စက်(အကြီး)တစ်လုံး၊ လမ်းလျှောက်စကားပြောစက် တစ်လုံးနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ပြီး ကျေးရွာအတွင်းရှိ အကြမ်းဖက်မှုတွင် ပါဝင်ခြင်းမရှိသည့် ကျေးရွာသူ ကျေးရွာသား ၁၇၉ ဦးတို့အား လိုအပ်သည့် ကူညီထောက်ပံ့မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ပင်လည်ဘူးမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်ရန် အင်ဂါးကျေးရွာသို့ ရောက်ရှိနေသည့် အကြမ်းဖက်သမားများအား ဝင်ရောက်ဖမ်းဆီးခဲ့သည့်နေရာပြပုံ

အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာအချို့တွင်း ဝင်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ဒေသခံပြည်သူများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်အဖွဲ့များ၏ ဝင်ထွက်သွားလာမှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး၍ နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းပါဝင်ကြရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

# ရွှေဘိုမြို့နယ် ခရိုင်ပညာရေးမှူးရုံးနှင့် ထန်တလန်မြို့နယ်တွင် လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအားအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဇန်နဝါရီ ၄**

မြို့နယ်အချို့ရှိ ခရိုင်ပညာရေးမှူးရုံးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ပစ်ခတ်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ ဇန်နဝါရီ ၃ ရက် နံနက် ၆ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်ရှိ ခရိုင်ပညာရေးမှူးရုံးနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းသို့ အကြမ်းဖက်သမားနှစ်ဦးက ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး လက်လုပ်ဗုံး နှစ်လုံးဖြင့် ပစ်ပေါက်ကာ လက်လုပ်သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ကျောင်းဝင်းအတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူ အမျိုးသား နှစ်ဦးမှာ ဆိုင်ကယ်မောင်းနှင် ထွက်ပြေးသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ်အတွင်း ခရိုင်ပညာရေးမှူးရုံး၏ နောက်ကျောဘက်ရှိ မှန်ကိုးချပ် ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။


စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ အကြမ်းဖက်အဖွဲ့များက လာရောက်ပစ်ခတ်မှု။

အလားတူ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ရပ်ရွာအေးချမ်းသာယာရေးအတွက် နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၂) ရပ်ကွက်အရောက်တွင် CDF အကြမ်းဖက်အဖွဲ့ အင်အား ၂၅ ဦးခန့်က လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ ၁၅ မိနစ်အကြာတွင် အကြမ်းဖက်အဖွဲ့များ ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ်အတွင်း အကြမ်းဖက်အဖွဲ့ဝင် တစ်ဦးသေဆုံး၍ ၎င်းအနီးမှ BA-63 သေနတ် တစ်လက်၊ ၎င်းကျည်ခြောက်တောင့်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး အဆိုပါ အကြမ်းဖက်အဖွဲ့များ ဆုတ်ခွာထွက်ပြေးစဉ် အမှတ်(၁)ရပ်ကွက်ရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးသွားခဲ့သဖြင့် လူနေအိမ် ၁၃ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ခရိုင်ပညာရေးမှူးရုံးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လာရောက်ပစ်ခတ် တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံကြက်တောင်ပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မန္တလေး ဇန်နဝါရီ ၄

**မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံကြက်တောင်ပြိုင်ပွဲနှင့် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် နိုင်ငံတကာအဆင့်မြင့် အားကစားပြိုင်ပွဲရုံနှင့် အား/ကာသိပ္ပံဖူဆယ်ဘောလုံးကွင်းတို့၌ ကျင်းပသည်။**

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ ပြင်ဦးလွင်ခရိုင်အသင်းနှင့် မန္တလေးခရိုင်အသင်း၊ ဒုတိယဆုရ ကျောက်ဆည်ခရိုင်အသင်းနှင့် အကောင်းဆုံး ဂိုးသမားဆုရ မန္တလေးခရိုင်မှ ချမ်းငြိမ်းနှင့် အကောင်းဆုံးအားကစားသမားဆုရ ညောင်ဦးခရိုင်မှ ကျော်ဖြိုးအောင်တို့အား တိုင်းဒေသကြီးအတွင်းရေးမှူး ဦးမြင့်လွင်နှင့် တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်တို့က ဆုချီးမြှင့်ပေးသည်။ ပထမရရှိသည့် ညောင်ဦးခရိုင်အသင်းအား လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးချုပ်စိန်လွင်က ဆုများချီးမြှင့်ပေးပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက ဗိုလ်စွဲသည့် ညောင်ဦးခရိုင်ဖူဆယ်အသင်းကို ဆုငွေကျပ်သိန်း ၂၀ နှင့် ပထမတံခွန်စိုက်ဆုဖလား ချီးမြှင့်သည်။

ထို့နောက် ကြက်တောင်ပြိုင်ပွဲတွင် ပူးတွဲအမျိုးသမီး တတိယဆုရ မိတ္ထီလာခရိုင်အသင်းနှင့် ညောင်ဦးခရိုင်အသင်း၊ ပူးတွဲအမျိုးသားတတိယဆုရ မိတ္ထီလာခရိုင်အသင်းနှင့် မြင်းခြံခရိုင်အသင်းတို့ကို တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးယဉ်ထွေးက လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရ ပြင်ဦးလွင်ခရိုင်အသင်းနှင့် အမျိုးသားဒုတိယဆုရ မန္တလေးခရိုင်အသင်းတို့အား တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးမျိုးအောင်က လည်းကောင်း၊ အကောင်းဆုံးအားကစားသမားဆုရ မန္တလေးခရိုင်မှ မမေမြတ်နိုးဦးနှင့် ပြင်ဦးလွင်ခရိုင်အသင်းမှ မောင်နေထွန်းလင်းတို့အား တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးက လည်းကောင်း ဆုချီးမြှင့်ပေးကာ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေက ပထမဆုရ ပြင်ဦးလွင်ခရိုင် အမျိုးသားအသင်းနှင့် မန္တလေးခရိုင် အမျိုးသမီးအသင်းတို့အား ဆုများချီးမြှင့်ပေးသည်။

ယင်းနောက် ပထမဆုရရှိကြသည့် မန္တလေးခရိုင် အမျိုးသမီးအသင်းနှင့် ပြင်ဦးလွင်ခရိုင် အမျိုးသားအသင်းတို့အား တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက ငွေသားဆုကျပ် ၁၅ သိန်းစီနှင့် ပထမတံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**




အဆိုပါ ကြက်တောင်ပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲ၌ မန္တလေးခရိုင်အသင်းက ပြင်ဦးလွင်ခရိုင်အသင်းကို ၃ ပွဲ - ၁ ပွဲဖြင့် လည်းကောင်း၊ အမျိုးသားပြိုင်ပွဲတွင် ပြင်ဦးလွင်ခရိုင်အသင်းက မန္တလေးခရိုင်အသင်းကို ၃ ပွဲ - ၁ ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြပြီး ဖူဆယ်ဘောလုံးဗိုလ်လုပွဲတွင် ညောင်ဦးခရိုင်အသင်းက ကျောက်ဆည်ခရိုင်အသင်းကို ၆ ဂိုး - ၄ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

## ထိုင်းလိဂ်-၂ ကလပ် Udonthani အသင်းသို့ တိုက်စစ်မှူးအောင်ကောင်းမာန် ပြောင်းရွှေ့

**ရန်ကုန် ဇန်နဝါရီ ၄**

ထိုင်းလိဂ်-၂ ကလပ် Udonthani အသင်းသည် မြန်မာ့လက်ရွေးစင် တိုက်စစ်မှူး အောင်ကောင်းမာန်ကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း ဇန်နဝါရီ ၃ ရက်က တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

အောင်ကောင်းမာန် သည် ဇန်နဝါရီ ၃ ရက်က Udonthani အသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး စာချုပ်သက်တမ်းမှာ ရာသီဝက်ဖြစ်ကြောင်း သိရသည်။ အောင်ကောင်းမာန်သည် ပြီးခဲ့သည့်နှစ်တွင် ကစားခဲ့သည့် မလေးရှား စူပါလိဂ်ကလပ် ဆရီပါဟန်း အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် သက်တမ်း မတိုးဘဲ Udonthani အသင်းသို့ ပြောင်းရွှေ့လာခြင်း ဖြစ်သည်။ အောင်ကောင်းမာန်သည် ငါးသင်းမြောက် ပြည်ပကလပ်အသင်းအဖြစ် Udonthani အသင်းသို့ ပြောင်းရွှေ့လာခြင်းဖြစ်ပြီး ယခင်က ထိုင်းကလပ် သုံးသင်းနှင့် မလေးရှားကလပ် တစ်သင်းတို့တွင်ကစားခဲ့သည်။အောင်ကောင်းမာန်သည် ၂၀၂၀ နှစ်ဆန်းပိုင်းတွင် ပြည်ပကလပ်များသို့ စတင်ပြောင်းရွှေ့ခဲ့ပြီး ၂၀၂၀-၂၀၂၁ ရာသီတွင် ထိုင်းကလပ်များဖြစ်သည့် ထရတ်အသင်း၊ လမ်ပန်အသင်းနှင့် ခွန်ကန်အသင်းတို့တွင် ကစားခဲ့ကာ ရာသီကုန်ဆုံးချိန် ၂၀၂၁ ခုနှစ် မေလတွင် မလေးရှားစူပါလိဂ် ကလပ် ဆရီပါဟန်းအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

အောင်ကောင်းမာန်သည် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲ ကြေးတံဆိပ်ဆုရ မြန်မာ ယူ-၂၂ အသင်းနှင့်အတူ ထင်ရှားလာသူဖြစ်ပြီး ၂၀၂၁ နှစ်ကုန်ပိုင်းက ပြုလုပ်သည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် အသင်းတွင်လည်း ရွေးချယ်ခံခဲ့ရသည်။

အောင်ကောင်းမာန် ကစားမည့် Udonthani အသင်းသည် လက်ရှိကျင်းပနေသည့် ၂၀၂၁-၂၀၂၂ ရာသီ ထိုင်းလိဂ်-၂ ပြိုင်ပွဲ ပထမအကျော့အပြီးတွင် တတိယနေရာ၌ ရပ်တည်နေကာ လာမည့်ရာသီတွင် ထိုင်းလိဂ်-၁ သို့ တန်းတက်ခွင့်ရရန် ကြိုးပမ်းနေသည့်အသင်းလည်း ဖြစ်သည်။

**ရဲရင့်လွင်**

## မြန်မာအမျိုးသမီးအသင်း ယခုနှစ်ဝက်မတိုင်မီ အဓိကနိုင်ငံတကာပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမည်

ရန်ကုန် ဇန်နဝါရီ ၄

**မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်ဝက်မတိုင်မီ အဓိကနိုင်ငံတကာပြိုင်ပွဲ နှစ်ခု ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ယခုနှစ်တွင် အဓိကနိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဇန်နဝါရီတွင် အာရှဖလား အမျိုးသမီးပြိုင်ပွဲနောက်ဆုံးအဆင့်၊ မေလတွင် ဆီးဂိမ်းပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာရှဖလား အမျိုးသမီးပြိုင်ပွဲနောက်ဆုံးအဆင့်ကို ဇန်နဝါရီ ၂၀ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ အိန္ဒိယနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် လက်ရှိချန်ပီယံ ဂျပန်အပါအဝင် တောင်ကိုရီးယား၊ ဗီယက်နမ်တို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ ၂၀၂၂ ခုနှစ် မေလတွင်ကျင်းပမည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် အာရှဖလားပြိုင်ပွဲအပြီးတွင် ဆက်လက်ပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် လက်ရှိတွင် အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် ပြင်ဆင်လျက်ရှိပြီး ယင်းပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုခေတ္တရပ်နားကာ ဖေဖော်ဝါရီတွင် စတင်ပြင်ဆင်ဖွယ်ရှိနေသည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ထားသော ၂၀၂၂ အာရှဖလား အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့်အတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ယင်းပဏာမကစားသမားများဖြင့်သာ ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဦးတင်မြင့်အောင်က ကိုင်တွယ်နေပြီး ဆီးဂိမ်းပြိုင်ပွဲဝင်အသင်းကိုလည်း ထပ်မံကိုင်တွယ်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ခြေစစ်ပွဲအောင်မြင်သဖြင့် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာက ကျင်းပသည့် ခြေစစ်ပွဲတွင် ဂူအမ်၊ ယူအေအီးနှင့် လက်ဘနွန်အသင်းတို့ကို ကျော်ဖြတ်ကာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

**ရဲရင့်လွင်**

## ပရီမီယာလိဂ်ပွဲစဉ် (၁၉) တွင် ယာယီနည်းပြ ရန်းနစ်ခ်လက်ထက် ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့သည့် မန်ယူ

ပရီမီယာလိဂ်ပွဲစဉ် (၁၉) မှ မန်ယူအသင်းနှင့် ဝုဖ်အသင်းတို့ပွဲစဉ်ကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက အိုးထရက်ဖို့ဒ်ကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ဝုဖ်အသင်းက မော်တင်ဟို၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မန်ယူအသင်းအနေဖြင့် ယခုပွဲစဉ် ရှုံးနိမ့်မှုသည် နိုဝင်ဘာ ၂၀ ရက်က နည်းပြဆိုးလ်ရှား နောက်ဆုံး တာဝန်ယူကိုင်တွယ်သည့် ဝက်ဖို့ဒ်ပွဲစဉ်နှင့်ပွဲစဉ်ပြီးနောက် ပထမဆုံးအကြိမ် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။



ဝုဖ်ကစားသမား မော်တင်ဟို မန်ယူအသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

ဝုဖ်အသင်းအနေဖြင့် ယခုပွဲစဉ်အနိုင်ရရှိခြင်းသည် အိုးထရက်ဖို့ဒ်၌ မန်ယူအသင်းကို ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ခံစစ်ကစားသမား ဖီးလ်ဂျုံးသည် ဒဏ်ရာကြောင့် နှစ်နှစ်နီးပါး ပွဲကစားခွင့်နှင့်ဝေးကွာပြီးနောက် ယနေ့ပွဲစဉ်တွင် မန်ယူအသင်း ပွဲထွက်ကစားသမားစာရင်း၌ ပြန်လည်ပါဝင်လာခဲ့သည်။ ထို့အပြင် မန်ယူအသင်းခေါင်းဆောင်မက်ဂွိုင်းယား ပါဝင်လာနိုင်ခြင်းမရှိဘဲ စီရော်နယ်ဒိုက အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူပွဲထွက်လာခဲ့သည်။ သို့သော်လည်း မန်ယူအသင်းသည် ခံစစ်ပိုင်းတည်ငြိမ်မှုအားနည်းသလို စီရော်နယ်ဒို ဦးဆောင်သည့် တိုက်စစ်ကလည်း ထက်မြက်မှုအားနည်းခဲ့သည်ကို တွေ့ရသည်။

ဝုဖ်အသင်းသည် မန်ယူအသင်းကို ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးကန်သွင်းမှု ၁၉ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့သည်။ မန်ယူအသင်းက ဂိုးကန်သွင်းမှု ကိုးကြိမ်သာရှိခဲ့သည်။ ဝုဖ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၈၂ မိနစ်တွင် မော်တင်ဟိုက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်တွင် မန်ယူအသင်း ချေပဂိုးရရှိရေး ကြိုးစားလာသော်လည်း အဆုံးသတ်မသေချာမှုကြောင့် ဝုဖ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

မန်ယူအသင်းအနေဖြင့် အဆိုပါရှုံးနိမ့်မှုသည် ယာယီနည်းပြ ရန်းနစ်ခ်လက်ထက် ပထမဆုံးရှုံးပွဲဖြစ်ပြီး အမှတ်ပေးဇယား ဦးဆောင်သူ မန်စီးတီးအသင်းနှင့် ရမှတ်ကွာဟမှု ၂၂ မှတ်အထိ ရှိလာခဲ့ပြီဖြစ်သည်။ လာမည့်ပွဲစဉ်အဖြစ် အက်ဖ်အေဖလားပြိုင်ပွဲတွင် မန်ယူအသင်းက အက်စ်တွန်ဗီလာအသင်းနှင့် ဇန်နဝါရီ ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဝုဖ်အသင်းက ဇန်နဝါရီ ၉ ရက်တွင် ရှက်ဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနား သီပေါမြို့၌ ကျင်းပ

**သီပေါ ဇန်နဝါရီ ၄**

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင် အခမ်းအနားကို ယနေ့နံနက် ၄ နာရီ မိနစ် ၂၀ က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ စမ်းမာလာဥယျာဉ်အတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်၌ ကျင်းပသည်။

ဆက်လက်၍ နံနက် ၇ နာရီတွင် မြို့တော်ခန်းမ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဝင်းက ဖတ်ကြားသည်။

ထို့နောက် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ကျင်းပသော ကျပန်းစကားပြော၊ စာစီစာကုံး၊ ထုပ်ဆီးတိုး၊ ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် အခြားသောအားကစားပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ကျောင်းသားကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တွံတေးမြို့၌ ညဈေးတန်း ဖွင့်လှစ်

**တွံတေး ဇန်နဝါရီ ၄**



ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ပြည်သူအများလွယ်လင့်တကူဝယ်ယူစားသုံးနိုင်ရေး၊ ဗိုလ်ချုပ်လမ်း၊ ရွှေဆံတော်ဘုရားလမ်းမကြီးတို့၌ ပြန့်ကျဲနေသော အမြဲတမ်းဈေးရောင်းနေသည့် ဈေးသည်များ တစ်နေရာတည်းတွင် တစ်စုတစ်စည်းဖြင့် စည်းကမ်းတကျရောင်းချရေး၊ စားသုံးသူ ပြည်သူအများကိုယ်ဝယ်ယူလိုသော စားသုံးကုန်များ တစ်နေရာတည်းတွင် ကြိုက်နှစ်သက်ရာကို စားသုံးနိုင်ရေး ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းကာ တွံတေးမြို့ မင်းရဲကျော်စွာလမ်းမကြီး (ကမ်းနားနာရီစင်) တွင် ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ ညနေ ၆ နာရီတွင် စတင်ဖွင့်လှစ်သည်။

ညဈေးတန်းဖွင့်ပွဲတွင် လုံခြုံရေးတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးအာကာ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇာနည်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ညဈေးတန်းတွင် ဈေးရောင်းချနေမှုအား ကြည့်ရှုအားပေးသည်။

တွံတေးမြို့ ဗိုလ်ချုပ်လမ်း၊ ရွှေဆံတော် ဘုရားလမ်းဘေးတွင် အမြဲဈေးရောင်းချနေသူများအား တစ်နေရာတည်း တစ်စုတစ်စည်းရှိစေရန်၊ စားသုံးသူများ ကိုယ်ကြိုက်နှစ်သက်ရာ ဝယ်ယူစားသုံးနိုင်ရန်၊ စည်းကမ်းတကျရှိစေရန်အတွက် ဆိုင်ခန်း ၅၈ ခန်းကို မဲစနစ်ဖြင့် နေရာချထားပြီး ဈေးရောင်းချသူများ နေရာဆိုင်ခန်းခပေးရန် မလိုကြောင်း သိရသည်။

ဈေးဆိုင်ခန်းများအတွက် ရေ၊ မီး အစုံဆောင်ထားပြီး အဆိုပါညဈေးတန်းကို နေ့စဉ် ညနေ ၃ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ရောင်းချခွင့်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**တွံတေးသား**

# တရားမဝင် ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၃ ရက်တွင် မူဆယ်မြို့ နန်းတော်စစ်ဆေးရေးဂိတ်၌ တရုတ်နိုင်ငံ ကျယ်ဂေါင်ဘက်မှ မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာသည့် ခရီးသည်များ၏ ပစ္စည်းများကို စစ်ဆေးဆောင်ရွက်ရာတွင် အိမ်ထောင်ပြောင်းပစ္စည်းများနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားမဝင် တရုတ်နိုင်ငံထုတ် ဖဲထုပ် ၁၅ ဖာ ခန့်မှန်းတန်ဖိုးမှာ ငွေကျပ် ၄၅၀၀၀၀ ကို စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းခဲ့သည်။

အလားတူ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်း (OSS)တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်စဉ် ကုန်သွယ်ရေးစခန်းအဝင် ဖောင်ဆိပ်ကျေးရွာအတွင်း အကောက်ခွန်မဲ့ တရုတ်နိုင်ငံထုတ်ကုန်ပစ္စည်းများ သယ်ဆောင်ရန် စောင့်ဆိုင်းနေသည်ဟု သတင်းရရှိသဖြင့် သွားရောက်စစ်ဆေးခဲ့ရာ တရုတ်နိုင်ငံထုတ် စားသောက်ကုန်၊ ငံပြာရည်ဘူး ၂၀ ပါ ၂၂ ဖာ၊ တရုတ်နိုင်ငံထုတ် စားသောက်ကုန်ကျောက်ပွင့် ၅ ကီလိုဂရမ်ပါ အထုပ် ၂၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၀၀၀ ကို စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါ ပစ္စည်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းဆည်းခဲ့သည်။



ထို့အတူ ဇန်နဝါရီ ၄ ရက်တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း တာဝန်ခံ ဦးဆောင်သည့်အဖွဲ့က ချင်းရွှေဟော်စခန်းအတွင်း လုံခြုံရေးဂိတ်နှင့် ယာဉ်ငယ်စစ်ကြားနေရာ၌ စစ်ဆေးခဲ့ရာ ခရီးသည်တင် မော်တော်ယာဉ် ခုနစ်စီးပေါ်မှ တရုတ်နိုင်ငံထုတ် အကောက်ခွန်မဲ့ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၉၈၇၅၇၀ကို သိမ်းဆည်းရမိခဲ့သည်။ **(ဝဲအောက်ပုံ)**

ဖမ်းဆီးရမိမှုများတွင် ဇန်နဝါရီ ၃ ရက်တွင် ဖမ်းဆီးရမိမှုနှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၄၀၀၀နှင့် ဇန်နဝါရီ ၄ ရက်တွင် ဖမ်းဆီးရမိမှုတစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၈၇၅၇၀ စုစုပေါင်းဖမ်းဆီးရမိမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၆၁၅၇၀ ဖြစ်သည်။ အဆိုပါ ဖမ်းဆီးရမိမှုများနှင့်ပတ်သက်၍ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**


## ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

ကျေးဇူးတော်ရှင် ဆရာတော်ဖြစ်တော်မူသော
ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်
သီရိမင်္ဂလာမြို့ဦးကျောင်းတိုက်၏ ဦးစီးပဓာန နာယက
ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တ ရေဝတ သည်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်
စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ဖြင့်
ပူဇော်အပ်သော "**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**" ဘွဲ့တံဆိပ်တော်
ဆက်ကပ်ခြင်းခံရသည်ကိုလက်ဆယ်ဖြာဦးထိပ်ထားလျက်
အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း
**ဟိန်းသူရိန်ဆောက်လုပ်ရေးကုမ္ပဏီ ၊ သံတွဲမြို့**

## ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

ကျေးဇူးတော်ရှင် ဆရာတော်ဖြစ်တော်မူသော
ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ သုခဝတီပရိယတ္တိစာသင်တိုက်
သုခါဝါသဓမ္မရိပ်သာ နှင့် ဥက္ကလာသီရိကျောင်း (သုခဝတီ - ရန်ကုန်)
တို့၏ ဦးစီးပဓာန နာယကဆရာတော်ဖြစ်တော်မူသော
(သဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တ စန္ဒိမာသည် ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏
အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ဖြင့် ပူဇော်အပ်သော
"**မဟာသဒ္ဓမ္မဇောတိကဓဇ**" ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်း
ခံရသည်ကိုလက်ဆယ်ဖြာဦးထိပ်ထားလျက်
အထူးဂုဏ်ယူဝမ်းမြောက်ရပါကြောင်း
**ဟိန်းသူရိန်ဆောက်လုပ်ရေးကုမ္ပဏီ ၊ သံတွဲမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ဆံတော်ကွက်၊ အကွက်အမှတ်(၉C)၊ ဆံတော်ဘုရားကြီးကွင်း၊ ဦးပိုင်အမှတ်(၂၄)မှ မြေဧရိယာ ၀ ဒသမ ၀၃၃ ဧကရှိမြေသည် မူလတွင် ဒေါ်မြမေ၊ ဒေါ်အေးမြင့်တို့ အမည်ဖြင့် (၁၀)နှစ် ဂရန်ရရှိထားပြီး ဒေါ်မြမေ၊ ဒေါ်အေးမြင့်တို့ ကွယ်လွန်သွားသဖြင့် အမွေဆက်ခံရန် ကျန်ရှိသူ ဒေါ်အေးမြင့်၏ သမီး ဒေါ်စိုးစိုးနိုင်မှ ဖော်ပြပါမြေကွက်အား အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ပြုလုပ်၍ ဒေါ်တင်ကြည်ကို ၁၉-၁၀-၂၀၂၀ရက်တွင် စာချုပ် အမှတ်(၁၃၃/၂၀၂၀)အရ မှတ်ပုံတင်စာချုပ်ပြုလုပ်ကာ လွှဲပြောင်းရောင်းချပြီးဖြစ်ပါသောကြောင့် မြေကွက်ဝယ်ယူသူ ဒေါ်တင်ကြည်အမည်ဖြင့် မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ်( ၁၅ စီ)၊ ဦးပိုင်အမှတ်(၁၃က)မှ မြေ ဧရိယာ ၀ ဒသမ ၀၅၃ ဧကရှိမြေသည် ဦးဌေးဝင်းအမည်ဖြင့် ထွက်ရှိထားသော ဘိုးဘပိုင် မြေကွက်ဖြစ်ပြီး အမည်ပေါက်ပိုင်ဆိုင်သူ ဦးဌေးဝင်းမှ နှစ်ဦးသဘောတူ မြေကွက်နှင့်နေအိမ်အဆောက်အအုံတို့အား အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်း ကတိစာချုပ် စာချုပ်မှတ်ပုံတင်အမှတ် ၀၅၀/၂၀၂၁ ဖြင့် ဦးစိုးဝင်းသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ပါသဖြင့် မြေကွက်ရရှိသူ ဦးစိုးဝင်းသည် ၎င်းအမည်ဖြင့် ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၃၀ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင်အမည်ပြောင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။
**ဦးစိုးဝင်း**
အမှတ် ၂၃၇၊ ဈေးလမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့

## ဖခင်အမည်မှန်

ကျောက်ဆည်မြို့၊ မြို့မ အထက Grade-9 အခန်း(A-1)မှ မောင်စိုင်းဇင်မောင်မောင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းလှသန်း ၁၃/ကမန(နိုင်)၀၉၀၅၀၆ ဖြစ်ပါကြောင်း။
**ဦးစိုင်းလှသန်း**

## ဖခင်အမည်မှန်

သံတွဲမြို့နယ်၊ အထက ဆင်ခေါင်း သတ္တမတန်းမှ မအေးအေးမြင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၁၁/သတန(နိုင်)၀၉၇၆၃၃ ဖြစ်ပါကြောင်း။
**ဦးဆန်းဝင်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1P/2909၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/9364 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2N/4538 Toyota Landcruiser Ra 30 R 2J S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဌေးနိုင် ၁၁/စတန (နိုင်)၀၅၄၂၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/1875 TOYOTA Hilux Surf K2N 185, S/W(4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေအောင် ၁/မကတ(ဧည့်)၀၀၀၇၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/2409 Toyota Hilux GLN 125L, Pick Up(Open Cab)4x4 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်စုဝင်း ၁၃/မဆတ(နိုင်)၀၅၈၃၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## မိခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အထက (ချောင်းဝ) ဒသမတန်းမှ မမေသက်ခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းအေး(ခ) ဒေါ်စမ်းအေး ၁/မညန(နိုင်)၀၉၉၉၀၉ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အထက (ချောင်းဝ) ဒသမတန်းမှ မတင်မေလင်း၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်မြင့်သန်း(ခ) ဒေါ်နွားတင် ၁/မညန(နိုင်)၁၅၉၅၈၅ ဖြစ်ပါကြောင်း။

## အမည်မှန်

လားရှိုးမြို့၊ အထက(၂) စတုတ္ထတန်း(A) မှ မောင်အေးကျော်၏ အမည်မှန်မှာ မောင်အောင်ဇေဟိန်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHM/26335, Kenbo-125 M/Cယာဉ်လက်ဝယ်ရှိသူ Good Son Motorbike Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မူဆယ်)မူဆယ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1I/4482 Toyota MarkII GX110 SALOON(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၉/မရတ(နိုင်)၀၃၆၀၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/7136 Daihatsu Hijet P/U ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမင်းဦး ၉/ညဥန(နိုင်)၁၈၀၂၁၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်

**သင့်စီးပွားရေး**
**လုပ်ငန်းများ**
**အောင်မြင်ဖို့**
**မြန်မာ့အလင်း**
**သတင်းစာတွင်**
**ကြော်ငြာစို့**

## အထူးလှိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၂)ဖြင့် **ဦးတင်ဦး** အား **"သီဟသုဓမ္မမဏိဇောတဓရ"**ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးလှိုက်လှဲဝမ်းမြောက် ဂုဏ်ယူမိပါသည်။ သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာစိုးသိန်းနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း**

## အထူးလှိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၂)ဖြင့် **ဦးစိုင်းမွန်း(ရှမ်းရိုးမအေးချမ်းရေးကုမ္ပဏီလီမိတက်)** အား **"အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ"**ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးလှိုက်လှဲဝမ်းမြောက် ဂုဏ်ယူမိပါသည်။ သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာစိုးသိန်းနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း**

## အထူးလှိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ

၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၂)ဖြင့် **ဒေါက်တာခင်မြဝင်း** အား **"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ"**ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးလှိုက်လှဲဝမ်းမြောက် ဂုဏ်ယူမိပါသည်။ သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် သာသနာ့အကျိုး၊ နိုင်ငံ့အကျိုးတို့ကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ ဂုဏ်ပြုအပ်ပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊**
**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာစိုးသိန်းနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားကို(၁)ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။ (၂) စစ်မှန်ပြီး

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားစဉ်။

## ရေနံချောင်းတက္ကသိုလ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများ ကျင်းပ

ရေနံချောင်း ဇန်နဝါရီ ၄

မကွေးတိုင်းဒေသကြီး ရေနံချောင်းတက္ကသိုလ်ရှိ ဘောလုံးအားကစားကွင်း၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီက စည်ကားစွာ ကျင်းပပြုလုပ်သည်။ (အောက်ပုံ)

*စာမျက်နှာ ၁၂ ကော်လံ ၁* ✳




ယနေ့ *သ တင်း အ ညွှန်း*

ပရီမီယာလိဂ်ပွဲစဉ် (၁၉) တွင် ယာယီနည်းပြ ရန်းနစ်ခ်လက်ထက် ပထမဆုံး ရှုံးပွဲကြုံတွေ့ခဲ့သည့် မန်ယူ

အားကစား စာ - ၂၇

တရားမဝင် ကုန်ပစ္စည်းများ ဖမ်းဆီးရမိ

ပြည်တွင်းသတင်း စာ - ၂၈


### ဇန်နဝါရီ ၄ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ

| | |
|---|---|
| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် | ၁၄၄ ဦး |
| ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ | ၁ ဦး |
| ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်း | ၁.၃၁ % |
| Omicron (အိုမီခရွန်) ပျံ့နှံ့သည့်နိုင်ငံပေါင်း | ၁၃၅ |